# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်　　၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ သောကြာနေ့　　အတွဲ (၆၅)၊ အမှတ်(၁၄၃)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ချင်းတိုင်းရင်းသားများအနေဖြင့် သမိုင်းစဉ်ဆက် ရှိရင်းစွဲဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် **"ချင်းအမျိုးသားနေ့"** နေ့ထူးနေ့မြတ် အခါသမယ၌ ချင်းတိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် ခန့်ညားထည်ဝါသိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က

စာမျက်နှာ ၃ ကော်လံ ၁ ❐

# သဗ္ဗညုဂူဘုရားမြေအောက်ရှိ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတူးဖော်သုတေသနပြုခြင်းလုပ်ငန်းများကို တရုတ်-မြန်မာ နှစ်နိုင်ငံပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိ



ပုဂံ ဖေဖော်ဝါရီ ၁၉

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိသဗ္ဗညုဂူဘုရား၏အဆောက်အအုံပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအခြေအနေပိုမိုကောင်းမွန်လာစေရန်နှင့် ဂူဘုရားကြီးရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သုတေသနပြုဖော်ထုတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်**

သဗ္ဗညုဂူဘုရားသည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ အမွေအနှစ်လက္ခဏာရပ်တစ်ခုဖြစ်သကဲ့သို့ ထူးခြားလက်ရာကျန်ရှိမှု အဆင့်-၁ ရှိသော ဂူဘုရားတစ်ဆူလည်းဖြစ်သည်။ နောက်ခံသမိုင်းရာဇဝင်နှင့် တည်ဆောက်ပုံဗိသုကာလက်ရာအရ အေဒီ(၁၂) ရာစု ဂူဘုရားတစ်ဆူဖြစ်ပြီး ရှားပါးလွန်းလှသည့် လေးထပ်ဂူဘုရားတစ်ဆူဖြစ်၍ ထူးခြားရှားပါးသည့် အမွေအနှစ်တစ်ခုဖြစ်သော သဗ္ဗညုဂူဘုရားကြီးအား စနစ်တကျဖြင့် အသေးစိတ်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို နည်းပညာအကူအညီများပေါင်းစပ်၍ စနစ်တကျထိန်းသိမ်းပြုပြင်ခြင်းကို တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သုတေသနလုပ်ငန်းများတွင် မြေပြင်စစ်တမ်းများကောက်ယူခြင်း Grid Layout စနစ်ဖြင့် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နေရာသတ်မှတ်ခြင်း (GPS Location) နှင့် အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိကာ တူးဖော်မှုအတွင်း တွေ့ရှိရသည့် အမွေအနှစ်ပစ္စည်းများကို သက်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီစွာ မှတ်တမ်းတင်၍ ထိန်းသိမ်းကာကွယ်ထားရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၃ ✪


**ယနေ့ ဖတ်စရာ**

ဥပဒေများ စိစစ်ခြင်း - Legislative Scrutiny　ဆောင်းပါး　စာ ၈

ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များ (Private Cinema) ဖွင့်လှစ်ပြသနေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်　ပြည်တွင်းသတင်း　စာ ၁၂

အသည်းရောဂါကို စောစီးစွာသိရှိနိုင်မည့် ကိရိယာသစ် ဩစတြေးလျသုတေသီများ ပြသ　နိုင်ငံတကာသတင်း　စာ ၁၄

# လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ လူတိုင်းအသက်ရှည်ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန်လို

❒ *ရှေ့ဖုံးမှ*

ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသော တိုင်းရင်းသားပြည်သူတို့နှင့်အတူ နယ်ချဲ့တို့ကို ရဲဝံ့စွန့်စားစွာ ခုခံတော်လှန်ခဲ့ကြပါသည်။

ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလက ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှုံရှုံမှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) သတိုးမဟာသရေစည်သူ ဦးဝမ္မသူးမောင်၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်)သီရိပျံချီ ဦးထပ်လိုင်းတို့သည်လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီး ဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီး လျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရ၊ အောင်ဆန်းသူရိယ တိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင် ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများက နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့်တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးခါစ ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို **"ချင်းအမျိုးသားနေ့"**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး အခမ်းအနားများ နှစ်စဉ်ဂုဏ်ယူစွာ ကျင်းပခဲ့သည်မှာ (၇၈)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်နှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိကြသည့် ပြည်တွင်းပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခု ကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု ရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကို အမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသော ဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး နယ်မြေနှင့်အာဏာချဲ့ထွင်ရန် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။ ပျက်စီးဆုံးရှုံးမှု မှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင် ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့်အခြေအနေတွင် ယခုကဲ့သို့ မဆင်မခြင် လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရေး ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက် (၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေး ကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေးဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**"ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများကိုအခြေခံ၍ အသေးစား၊ အငယ်စား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ကြပြီး ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလို၊ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်**

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများကိုအခြေခံ၍ အသေးစား၊ အငယ်စား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများဖြင့် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ကြပြီး ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

နိုင်ငံတော်မှ ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးကျန်းမာကြံ့ခိုင်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်စုံကြရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများ သင်ယူနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို ဒေသအလိုက် လက်လှမ်းတမီသင်ယူနိုင်ရေး ကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။ ကျောင်းနေအရွယ်လူငယ်တိုင်း ကျောင်းနေရေး၊ အချိန်မတိုင်မီ ကျောင်းထွက်မှုမရှိစေရေး၊ ပညာရေးကို ဆုံးခန်းတိုင်သင်ယူပြီး ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် သင်ကြားသင်ယူမွေးထုတ်ပေးနိုင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။ လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ လူတိုင်းအသက်ရှည် ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန် လိုအပ်မည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ **(၂၀၀၈ ခုနှစ်)** နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူခဲ့ရပါသည်။ ထိုသို့ စတင်တာဝန်ယူချိန်မှစ၍ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှု အပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်အစည်းအဝေးများကို မတ်လတွင် ကျင်းပမည်ဖြစ်ပြီး ပေါ်ထွက်လာမည့်အစိုးရအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် သမိုင်းစဉ်ဆက် ရှိရင်းစွဲဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၈) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်**

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပ



နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ က သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တဇောတိသရက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

**အတည်ပြုချက်ကိုရယူ**

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ" အစချီသော ၂ ဂါထာကို တညီတညွတ်တည်း သုံးကြိမ် ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ ရက်များအတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားကာ အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူသည်။

**ဩဝါဒကထာများကို နာယူ**

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ ဖြစ်ကြသော မြင်းခြံမြို့ ချောင်းဒေါင်းပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေလာသ၊ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိ စာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွှာဘဲတောင်ပေါ်ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္ဓရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ထေရာနန္ဒနှင့် မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘသန တို့၏ ဩဝါဒကထာများကို နာယူကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယဩဝါဒကထာကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်)**

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ၁၃၇၆ ခုနှစ် တပေါင်းလမှ ၁၃၇၇ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

**တင်သွင်းလျှောက်ထား**

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာကဏ္ဍကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားသည်။

**မှတ်တမ်းတင်**

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိသရနှင့် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တ သိရီကဥ္စနာဘိဝံသတို့က ရှင်းလင်းပြန်ကြား လျှောက်ထားပြီး ပျံလွန်တော်မူသွားကြသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကာ ပထမနေ့ အစည်းအဝေးကို ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင် ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမီသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**❂ ရှေ့ဖုံးမှ**

ယခုလို သုတေသနလုပ်ငန်းများကို နိုင်ငံတကာပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံရှိ Shaanxi Academy of Archaeologyမှ ပညာရှင် ခုနစ်ဦးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ပူးပေါင်း၍ နည်းပညာပိုင်းဆိုင်ရာအကူအညီများ၊ သုတေသနနည်းလမ်းများနှင့် အတွေ့အကြုံများကို နှီးနှောဖလှယ် ဆောင်ရွက်ခွင့်ရရှိခဲ့ကြကြောင်း၊ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများသည် သုတေသနအရည်အသွေး မြှင့်တင်ရန်နှင့် နိုင်ငံတကာအဆင့်မီ သုတေသနစံနှုန်းများကို လိုက်နာနိုင်ရန် အထောက်အကူပြုပေးနေခြင်းဖြစ်ကြောင်း ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းက ရှင်းပြသည်။

ထို့ပြင် တွေ့ရှိရသည့် သမိုင်းဝင်အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် Barrier Fencing၊ Camp စနစ်များနှင့် လုံခြုံရေးအစီအစဉ်များကိုလည်း အသုံးပြုဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုလုပ်ငန်းစဉ်များအားလုံးသည် သုတေသနလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အမွေအနှစ်ပစ္စည်းများ မပျက်စီးစေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ပုဂံဒေသရှိ သမိုင်းဝင်အမွေအနှစ်များအပေါ် ဆောင်ရွက်နေသည့် သုတေသနနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် ဒေသ၏ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကို မြှင့်တင်ပေးပြီး အနာဂတ်မျိုးဆက်များအတွက် တန်ဖိုးရှိသော သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းပေးနိုင်ရန် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိကြောင်းလည်း သိရသည်။

ပုဂံဒေသရှိ သဗ္ဗညုဂူဘုရားကြီး၏ သမိုင်းဝင်အမွေအနှစ်များသည် ပုဂံဒေသ၏ ယဉ်ကျေးမှုသမိုင်းကြောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို ထင်ဟပ်ပြသသည့် အရေးကြီး သက်သေအထောက်အထားများဖြစ်သည်။ ယင်းအမွေအနှစ်များကို စနစ်တကျ စူးစမ်းသုတေသနပြုလုပ်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့သည် မျိုးဆက်သစ်များအတွက် သမိုင်းမှတ်တမ်းအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် အလွန်အရေးပါသော ကဏ္ဍများဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ သိရသည်။

**ဒီပါလင်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အစည်းအဝေးသဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသမဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်) ကြာသပတေးနေ့]

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ဒုတိယ အစည်းအဝေးသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် မရှိလျှင် မဖြစ်၊ မပါလျှင်မပြီး အရေးကြီးသော အချက် ၄ ချက်ကို တင်ပြ လျှောက်ထားပါသည်ဘုရား။

ထိုအချက် ၄ ချက်မှာ–

(၁) ဘုရားရှင်၏အလိုဆန္ဒတော်၊
(၂) သာဝကများဆောင်ရွက်ရမည့်တာဝန်၊
(၃) သက်ဆိုင်ရာအာဏာပိုင်များ၏ ကူညီပံ့ပိုးမှု၊
(၄) ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမများ၏ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှုတို့ပင် ဖြစ်ပါသည်ဘုရား။

**ပထမအချက်ဖြစ်သော** ဘုရားရှင်၏ အလိုဆန္ဒတော်ကို ရှေးဦးစွာ လျှောက်ထားရပါလျှင် ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တသတ္တာဟလွန်မြောက်၍ အဋ္ဌမသတ္တာဟအရောက်တွင် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်က "အရှင်ဘုရား ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့" စသည်ဖြင့် လျှောက်ထားတော်မူရာ ဘုရားရှင်က "မာရ်နတ် ငါ၏တပည့်သာဝကများ ဖြစ်ကြသည့် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီးသူများ မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်ကြသေး၊ လောကုတ္တရာတရားနှင့်လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့အယူဝါဒကို သင်ယူ၍ မဟောနိုင်၊ မပြောနိုင်၊ မပြနိုင်၊ မတည်တံ့စေနိုင်၊ မဖွင့်ဆိုနိုင်၊ မဝေဖန်နိုင်၊ မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတစ်ပါးတို့ ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်" ဟု မိန့်တော်မူပါသည်။ (သံ၊ ၃၊ ၂၂၅)

ဘုရားရှင်သည် မိမိ၏တပည့်သာဝကများကို တတ်သိလိမ္မာရှိစေချင်သည်။ ကောင်းစွာ ဆုံးမပြီးသူ၊ ကောင်းစွာ ယဉ်ကျေးပြီးသူများ ဖြစ်စေချင်သည်။ ရဲရင့်သူ၊ အကြားအမြင်များသူများ ဖြစ်စေချင်သည်။ တရားတော်ကို ဆောင်ထားနိုင်သူ၊ လောကုတ္တရာတရားနှင့် လျော်ညီသောအကျင့်ကို ကျင့်နိုင်သူ၊ လျောက်ပတ်သောအကျင့်ကို ကျင့်နိုင်သူ၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိသူများ ဖြစ်စေချင်သည်။ မိမိတို့၏ ဆရာ့ဝါဒကို သင်ယူ၍ ဟောနိုင်၊ ပြောနိုင်၊ ပြသနိုင်၊ တည်တံ့စေနိုင်၊ ဖွင့်ဆိုနိုင်၊ ဝေဖန်နိုင်၊ ပေါ်လွင်စေနိုင်သူများ ဖြစ်စေချင်သည်။ ပေါ်ပေါက်လာသော သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းနှင့်တကွ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်သူများ ဖြစ်စေချင်သည်။ ဤဆိုခဲ့ပြီးသော အရည်အချင်းများနှင့် ပြည့်စုံကြပြီး မိမိ၏ အဆုံးအမဒေသနာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြစေချင်သည်။ ဘုရားရှင်အနေဖြင့် သာဝကတို့အပေါ်၌ ဤမျှလောက် မြင့်မားသော အလိုဆန္ဒတော် ရှိတော်မူပါသည်ဘုရား။

**ဒုတိယအချက်ဖြစ်သော** သာဝကများ ဆောင်ရွက်ရမည့် တာဝန် အနေဖြင့် လျှောက်ထားရပါမူ ဘုရားရှင်၏ သာဝက သာဝိကာများ ဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ဟူသမျှတို့သည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို ပြည့်ဝအောင် ဖြည့်ဆည်းပေးရမည့်



တာဝန်ရှိသူချည်း ဖြစ်ကြပါသည်။ ဘုရားရှင်၏ တပည့်သာဝက ဟူသမျှတို့သည် "ငါသည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို မည်မျှ အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သူဖြစ်သနည်း" ဟု မိမိကိုယ်ကို အမြဲမပြတ် ဆန်းစစ်နေဖို့လိုပါသည် ဘုရား။ ဤသို့ ဆန်းစစ်နေမှသာ ဘုရားရှင်၏ အလိုဆန္ဒတော်များ ပြည့်ဝအောင် ဖြည့်ဆည်းပေးလိုသည့် (ဝါ) သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်လိုသည့်သဒ္ဓါတရား တဖွားဖွားတိုးတက်နေပါလိမ့်မည်ဘုရား။

ဘုရားရှင်၏ အလိုဆန္ဒတော် ပြည့်ဝအောင် ဖြည့်ဆည်းပေးရမည့် (ဝါ) ဘုရားရှင်ဖြစ်စေလိုသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံ၍ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်ရမည့်တာဝန်မှာ ရဟန်းတော်များအတွက် သာသနာတော်ကို တရားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းဟူသော ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်နှစ်မျိုးသာ ဖြစ်ပါသည်ဘုရား။ ဥပါသကာ၊ ဥပါသိကာ ဒကာ ဒကာမများအတွက်မှာမူ သာသနာတော်ကို ပစ္စည်းလေးပါးဟူသော အာမိသဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းဖြစ်သည့် အာမိသာနုဂ္ဂဟ တာဝန်မျိုးဖြစ်ပါသည်ဘုရား။ ယင်းသို့ တာဝန် အသီးသီးရှိကြရာ ဥပါသကာ၊ ဥပါသိကာ ဒကာ ဒကာမတို့ တာဝန်မှာ ကျေပွန်ပြီးဖြစ်သည်ဟု ဆိုရပါမည်ဘုရား။ အဘယ်ကြောင့်ဆိုသော် ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် စေတနာရှင် ပြည်သူ အပေါင်းသည် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင်သီလရှင်များ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို လုံ့လကြိုးကုတ်အားထုတ်ကြရာ၌ မငြိုမငြင်၊ မပင်မပန်း ကြိုးပမ်းအားထုတ်နိုင်ကြစေရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော အာမိသတို့ကို လိုလေသေးမရှိ အပြည့်အဝထောက်ပံ့သည့်အနေဖြင့် ငလျင်ဘေးဖြစ်သည့် ကျောင်းတိုက်များအား အင်တိုက်အားတိုက် ထောက်ပံ့ခြင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စများ မလစ်ဟင်းစေရန် ဖြည့်ဆည်းပေးခြင်းများကို တွေ့မြင်နိုင်ကြပါသည်ဘုရား။

ဘုရားတပည့်တော်တို့ ရဟန်းတော်များဘက်ကလည်း ဂန္ထဓုရ အတွက် ပရိယတ္တိစာသင်တိုက်ကြီးများ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများက နှစ်စဉ်မပြတ် ပရိယတ္တိသာသနာတော်အတွက် တာဝန်ကျေကျေ ထမ်းဆောင်နေကြသည်ကို တွေ့မြင်ရသည်မှာ ယခုနှစ် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၈)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တစ်ပါး ပေါ်ထွန်းခြင်းနှင့် ဝဋံ့သကာ ဂုဏ်ထူးရ ရဟန်းတော်တစ်ပါး ပေါ်ထွက်ခြင်းစသည်တို့က သက်သေပင် ဖြစ်ပါကြောင်း ဝမ်းမြောက်စွာ လျှောက်ထားလိုပါသည်ဘုရား။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်း ဘုရားသာဝက ရဟန်းတော်များအနေဖြင့် ပရိယတ္တိစာပေ ကျမ်းဂန်များ စဉ်ဆက်မပြတ် ပို့ချပေးခြင်း၊ အစိုးရပါဠိပထမပြန် စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ သကျသီဟစာမေးပွဲ၊ စေတိယင်္ဂဏစာမေးပွဲ၊ အစိုးရနိကာယ်စာမေးပွဲ၊ မြို့နယ်ပေါင်းစုံရှိ သာမဏေကျော်စာမေးပွဲ စသည်များကို ကျင်းပလျက် ပရိယတ္တိကျမ်းဂန်တတ်ပညာရှင်များ ပေါ်ပေါက်စေရေး အားပေးချီးမြှောက်နေခြင်းတို့ကိုလည်း တွေ့မြင်နေရပါသည်ဘုရား။ အနီးစပ်ဆုံးအနေဖြင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၁-၁၂-၂၀၂၅ ရက်နေ့မှ ၂၂-၁-၂၀၂၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး စာဖြေသံဃာတို့၏ စိတ်အားထက်သန်မှု တိပိဋကဩဝါဒါစရိယ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၏ တာဝန်ယူမှု၊ ဥပတ္ထမ္ဘကပုဂ္ဂိုလ်တို့၏ ကြောင့်ကြစိုက်ထုတ်မှု၊ ဒကာ ဒကာမတို့၏ သာသနာတော်အပေါ် အာမိသာနုဂ္ဂဟအားဖြင့် တာဝန်ကျေမှုတို့ကိုတွေ့ရှိရရာ အလွန်စိတ်အားထက်သန်စရာ ကောင်းလှပါသည်ဘုရား။ ဝိပဿနာဓုရအနေဖြင့်လည်း ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၏ နည်းလမ်းတကျ ဟောပြောပြသမှု၊ ယောဂီအပေါင်း၏ စိတ်အားထက်သန်စွာအားထုတ်မှုများကို ဆရာတော်ဘုရားများ လေ့လာတွေ့ရှိနိုင်ပါသည်ဘုရား။ ဤသို့ ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ ဝိပဿနာဓုရတာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင်နေကြရုံသာမက သာသနာ့ဂုဏ်သိန် ညှိုးမှိန်စေကြသည့် သာသနာ ပစ္စတ္ထိက သာသနာအတွင်းသားအန္တရာယ် သာသနာ့ပြင်ပအန္တရာယ်များကိုလည်း လျစ်လျူရှုတော်မမူကြဘဲ ညီညွတ်သော သံဃာအင်အားဖြင့် အထူးဂရုပြု ဖယ်ရှားနိုင်ရေး ဆောင်ရွက်ကြရန်လည်း လျှောက်ထားလိုပါသည်ဘုရား။

ယနေ့ခေတ်ကာလအားလျော်စွာ ဖေ့ဘုတ်၊ တစ်တော့စသော လူမှုကွန်ရက်တွင် သာသနာတော်အတွင်းသား ရဟန်းသာမဏေ သီလရှင်များ၏ သမဏသာရုပ္ပမဖြစ်သော အပြုအမူများ လွှင့်တင်ဆောင်ရွက်နေခြင်း၊ ဓမ္မဝိနယနှင့် မလျော်ညီဘဲ ဟောပြောပြသနေကြခြင်း၊ သာသနာအတွင်းသားမဟုတ်သည့် ပုဂ္ဂိုလ်များ၏ သာသနာတော်၏ ဂုဏ်ရှိန်ကို ညှိုးမှိန်စေသည့် ပြောဆိုပြုမူနေခြင်းများကိုလည်း မကြာခဏတွေ့မြင်နေရရာ ထိုသို့သော သာသနာတော် ဂုဏ်ရှိန် ညှိုးမှိန်စေသည့် ကိစ္စရပ်များအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တာဝန်ဝတ္တရားများ ကျေပွန်နိုင်ရေး စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်နေပါသည်ဘုရား။ ထိုကိစ္စရပ်များနှင့်ပတ်သက်၍ ဓမ္မစက်၊ အာဏာစက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ညီညွတ်သောသံဃာအင်အားကို အမှန်တကယ် လိုအပ်နေသည်ဖြစ်ရာ တပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအနေဖြင့်လည်း မိမိတို့၏ အခြေခံဒေသအတွင်း ကြောင့်ကြမဲ့မနေဘဲ အားဖြည့်ကူညီဆောင်ရွက်ပေးရေး လျှောက်ထားလိုပါသည်ဘုရား။

**တတိယအချက်ဖြစ်သည့်** သက်ဆိုင်ရာအာဏာပိုင်များ၏ ကူညီမှုများနှင့်ပတ်သက်၍ လျှောက်ထားရပါလျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး ၃ လအကြာ အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာအရှင်သူမြတ်ကြီးများ ပထမသင်္ဂါယနာတင်ရာကာလတွင် အဇာတသတ်မင်းနှင့် ပြည်သူ ပြည်သားများ စသည်ဖြင့် သင်္ဂါယနာခြောက်တန်တင်သည့် အကြိမ်တိုင်း၌ မင်းနှင့်ပြည်သူများ၊ သက်ဆိုင်ရာအစိုးရနှင့် နိုင်ငံသူ နိုင်ငံသားများက သာသနာတော်အတွက် တရားနှင့်လျော်သော အထောက်အပံ့အကူအညီများ ပေးခဲ့သည့်နည်းတူ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီးများ ကျင်းပခဲ့ရာ၌ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်သံဃာ့ဝန်ဆောင်အစည်းအဝေးများ ကျင်းပရာအခါ၊ အစားထိုးရွေးချယ်ပွဲများ ကျင်းပရာအခါ၊ မှုခင်းပြဿနာများ အကောင်အထည်ဖော်ရာအခါ၊ စာမေးပွဲရာသီအလိုက် စာမေးပွဲများ ကျင်းပရာအခါ စသည်တို့၌လည်း

*စာမျက်နှာ ၆ သို့*

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**ဟားခါး ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ယနေ့ မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၊ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။




ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး က ချင်းပြည်နယ်၌ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများသည် အခြားတိုင်းဒေသကြီး/ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်နှိုင်းယှဉ်ပါက လိုအပ်ချက်များ ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို professional ပီသစွာ ထမ်းဆောင်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟု ပါရှိပါကြောင်း၊ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးသည် ကွာခြားပါကြောင်း၊ ပါတီနိုင်ငံရေးသည် ပါတီတစ်ခု၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြစ်ပြီး အမျိုးသားနိုင်ငံရေးသည် သာမန်အားဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ခြင်းဖြစ်ပါကြောင်း၊ မည်သည့်အစိုးရတက်တက် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ကို တာဝန်ခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က ချမှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများကို ကိုးကားပြီး မိမိတို့ ဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် တင်ပြလိုသည့်အချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဲဘောင်-နောင်ပလိန်-ဝင်းစိန်လမ်းရှိ ပေ ၆၀ အရှည်တံတားနှင့် ၁၈ ပေအကျယ်ကတ္တရာလမ်းဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၁၉**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မဲဘောင် - နောင်ပလိန် - ဝင်းစိန်လမ်းရှိ ပေ ၆၀ အရှည်တံတား တစ်စင်းနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါတံတားနှင့် လမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မဲဘောင် - နောင်ပလိန် - ဝင်းစိန်လမ်းပေါ်ရှိ ပေ ၆၀ အရှည်၊ ၂၄ ပေအကျယ်၊ ခံနိုင်ဝန်တန် ၆၀ ရှိသော သံကူကွန်ကရစ်တံတားကို ဖွင့်လှစ်ပေးကြပြီး တံတားဖွင့်ပွဲသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များ၊ ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မဲဘောင် - နောင်ပလိန် - ဝင်းစိန်လမ်းပေါ်ရှိ ၁၈ ပေအကျယ်ကတ္တရာ လမ်းဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင်ပါဝင် အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အဆိုပါလမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တံတားဖွင့်ပွဲနှင့် လမ်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှသာ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်စည်စီးဆင်းမှုနှင့် ရောင်းဝယ် ဖောက်ကားမှုများ အဆင်ပြေချောမွေ့စွာ သွားလာလုပ်ဆောင်နိုင်မည် ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က မဲဘောင် – နောင်ပလိန် – ဝင်းစိန်လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

---

*စာမျက်နှာ ၅ မှ*

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့၏ ကူညီပံ့ပိုးမှု၊ ဓမ္မစက်ကို အာဏာစက်ဖြင့် ကူညီမှုစသည်တို့ကို အမှန်တကယ်လိုအပ်ပါသည် ဘုရား။ သို့ဖြစ်၍ မိမိတို့ အခြေခံဒေသအလျောက် သက်ဆိုင်ရာအာဏာပိုင်တို့၏ ထောက်ပံ့ကူညီမှုတို့ကိုလည်း အသိအမှတ်ပြုရမည် ဖြစ်ပါသည်ဘုရား။

**စတုတ္ထအချက်အနေဖြင့်** ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာများ၏ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှုကို လျှောက်ထားရပါလျှင် ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြသည့် ဥပါသကာ၊ ဥပါသိကာ များသည် "ပသာဒဗဟုလော ဟောတိ ဘိက္ခုသု ထေရေသု စေဝ နဝေသု မဇ္ဈိမေသု စ" ဟူသော အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယပရိဟာနိသုတ်၊ ဝိပတ္တိသုတ်၊ ပရာဘဝသုတ်(အံ၊ ၂၊ ၄၁၆၊ ၄၁၇) တို့၌လာသော ဥပါသကာ၊ ဥပါသိကာတို့ မဆုတ်ယုတ်ကြောင်း၊ ပြည့်စုံကြောင်း၊ ဖြစ်ထွန်းကြီးပွားကြောင်း တရား ၇ ပါးတို့အနက် တစ်ပါးအပါအဝင်ဖြစ်သော သီတင်းသိက္ခာကြီး၊ သီတင်းသိက္ခာငယ်၊ သီတင်းသိက္ခာလတ်ဖြစ်ကြကုန်သော ရဟန်းတော်တို့၌ များစွာကြည်ညိုတတ်သူများ ဖြစ်ကြရပါမည်ဘုရား။ ယင်းသို့ များစွာကြည်ညိုတတ်သူများ၊ ကြည်ညိုကြရာ၌ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူသော ဓုရ ၂ ပါး ဖြင့်သာ လုံ့လကြိုးကုတ်အားထုတ်နေသော ရဟန်းကောင်း ရဟန်းမြတ်တို့ကိုသာ ကြည်ညိုဆည်းကပ်တတ်ကြရန်လည်း အလွန်လိုအပ်ပါသည်ဘုရား။ ယခုခေတ်အချိန် ကုလဒူသန အနေသနအမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ရဟန်းဆိုးများ၊ အတ္တုက္ကံသန ပရဝမ္ဘန သဘောဆောင်ကာ လူမှုကွန်ရက်ပေါ်တွင် သာသနာတော်နှင့် မလျော်သည့် အလိုဆိုးရှေးရှု၍ ဟောပြောပြသ ပြုမူလှုပ်ရှားနေကြသည့် အချို့သော သာသနပစ္စတ္ထိကများကို အစစ်အမှန်ထင်၍ ကိုးကွယ်မှုမပြုကြစေရန် ဥပါသကာ၊ ဥပါသိကာများ ကျေကျေလည်လည် သိရှိနားလည် သဘောပေါက်အောင် ဟောပြောဆုံးမပြုပြင်သွန်သင်ရမည့်တာဝန်မှာ ရဟန်းကောင်း၊ ရဟန်းမြတ်တို့၏ ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်နေပါသည်ဘုရား။ သို့ဖြစ်ရာ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ထားပါလျက် ပေါ်ပေါ်ထင်ထင် ပြန်လည်အသက်သွင်းနေကြသော အစုအဖွဲ့များ၊ မိမိကိုယ်ကိုပင် သာသနာပြုအမည်ခံကာ သာသနာဖျက်နေကြသူများကို လျစ်လျူရှုထားတော်မမူကြဘဲ တားဆီးကာကွယ်တော်မူကြလျက် ဗုဒ္ဓသာသနာတော်အစစ်အမှန်ကို ဥပါသကာ၊ ဥပါသိကာများ အသိအမြင်မှန်ဖြင့် ကိုးကွယ်ဆည်းကပ်နိုင်ကြစေရန် ဆုံးမသွန်သင်တော်မူကြပါဟု လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီး ကာလတွင်လည်း မာရ်နတ်က ပရိနိဗ္ဗာန်ပြုတော်မူပါဟု လျှောက်ထားလာခဲ့ရာ မြတ်စွာဘုရားရှင်က တပည့်သာဝကများဖြစ်သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့ကို ယုံကြည်တော်မူသဖြင့် ပရိနိဗ္ဗာန်ပြုတော်မူမည်ဟု မိန့်ကြားတော်မူခဲ့ပါသည် ဘုရား။ ဘုရားရှင်တော် ယုံကြည်တော်မူခဲ့သည့်အတိုင်း ဘုရားရှင်၏ အလိုဆန္ဒတော်ကို သိရှိတော်မူကြပြီး သာဝကများ ဆောင်ရွက်ရမည့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်တော်မူကြလျက် ခေတ်အားလျော်စွာ သက်ဆိုင်ရာ အာဏာပိုင်အစိုးရမင်းတို့၏ အကူအညီအထောက်အပံ့ကို ရယူကာ နောက်ဆုံးအချက်ဖြစ်သော ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာများ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်စေရန် ဟောပြောပြသ ဆုံးမတော်မူကြပြီး ဘုရားရှင်ယုံကြည်တော်မူသည့်အတိုင်း သာသနာပြုစိတ်ဓာတ် အပြည့်အဝထားတော်မူကြလျက် အားသွန်ကြိုးပမ်းဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

**ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မိတ္ထီလာပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက ပညာရေးဒီဂရီကောလိပ်၏ သုံးထပ်ပင်မဆောင်အတွင်း သင်ကြားရေး၊ စီမံရေးဆိုင်ရာဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သုံးထပ်ပင်မဆောင်ရှိ စာသင်ခန်းများ၊ ခန်းမနှင့် Theater များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းအရည်အသွေးများတိုးတက်အောင် အလေးထား ဆောင်ရွက်ရေး မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာပညာရေး ဒီဂရီကောလိပ်အတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေး ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက မန္တလေးပညာရေးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွင့်လှစ်နိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြင်ဆင်ရမည့်စာသင်ဆောင်များ၊ တည်ဆောက်ဖြည့်ဆည်းရမည့်နေရာ၊ အဆောက်အအုံ Master Plan နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးကာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားသည်။

ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်၏ စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ပင်မဆောင်၊ ဘောလုံးအားကစားကွင်း၊ အားကစားရုံ၊ အားကစားကွင်းနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင် တိုးချဲ့တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ဆောင်၌ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆရာ ဆရာမဖြစ်လာမည့်သူများအနေဖြင့် မိမိတို့ကိုယ်တိုင်သင်ကြားရမည့် ဘာသာရပ်ဆိုင်ရာများကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်အောင် ယခုကတည်းက ကြိုးစားအားထုတ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ နိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ် ပညာတတ်လူတော်လူကောင်းများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း မှာကြားကာ မန္တလေးပညာရေးဒီဂရီကောလိပ်အတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ငလျင်ကြောင့် ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ပြီးစီးခဲ့သည့် ငါးထပ်စာသင်ဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆိုပါ တက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် ဗန်းမော်တက္ကသိုလ် ယာယီရုံးခန်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယာယီကာလတွင် ကြုံတွေ့ရသည့် အခက်အခဲစိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ်ပြောင်းလဲကြစေလိုပါကြောင်း၊ လိုအပ်သည်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့သည်သင်ကြားရေးပညာရှင်များဖြစ်၍ ရရှိသည့် အချိန်ကာလနှင့်လျော်ညီစွာ မိမိတို့ဘာသာရပ်ဆိုင်ရာများ၊ သုတေသနလုပ်ငန်းဆိုင်ရာများကို အဆက်မပြတ် အမြဲလေ့လာအားထုတ်ကြရန်လိုပါကြောင်း၊ မည်သည့်အစိုးရလက်ထက်တွင်မဆို မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန် လိုအပ်ပါကြောင်းပြောကြားကာ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

**မုံရွာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ အရှေ့ဘက် ကန်သာယာကန်ရှိ ရာပြည့်ကပ်ကျော်စေတီတော် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါစေတီတော်ကြီး ပရိဝုဏ်အတွင်း ကျင်းပရာ မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ပင့်သံဃာဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ အုတ်ကန်တောရစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တမာနိတထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဋ္ဌာန်းကျမ်း၊ ပဋ္ဌာန်းအိုးများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများနှင့် တက်ရောက်လာသူများက ပဋ္ဌာန်း ပစ္စယုဒ္ဒေသနာတော်များအား ရွတ်ဖတ်ပူဇော်ကြကာ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များက ပဋ္ဌာန်းတရားတော်များအား စတင်ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များတွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်/သံဃာတော်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းခြင်းကို မုံရွာမြို့ လယ်တီရပ်ကွက်ရှိ မဟာလယ်တီကျောင်းတိုက်ကြီး၊ ချမ်းမြဝတီရပ်ကွက်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတို့တွင် ကျင်းပရာ ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

မွန်းလွဲပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သလ္လဝတီခန်းမတွင် ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးထံ စာစစ်ဌာနများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**



ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ လုပ်ငန်းအခြေအနေများနှင့် ကြိုတင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မုံရွာတက္ကသိုလ်မှ ပါမောက္ခချုပ်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဆိုင်ရာ မေးခွန်းထုတ်ပေးခြင်း၊ အဖြေလွှာများ လက်ခံခြင်း၊ အဖြေလွှာ စစ်ဆေးခြင်းများနှင့် ပတ်သက်၍လည်းကောင်း၊ စာမေးပွဲကြီးကြပ်ရေးမှူး နှစ်ဦးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့် စည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ဖျာပုံမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး

**ဖျာပုံ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင် / မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် အမှတ် (၈၀) ယာဉ်ထိန်းတပ်ဖွဲ့စု (ဖျာပုံ) မှ တာဝန်ရှိသူများသည် မြို့နယ်အတွင်း မော်တော်ယာဉ်မောင်းနှင်ကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ဖျာပုံမြို့ လူစည်ကားရာနေရာများတွင် လိုက်လံအသိပညာပေးသည်။

အမှတ် (၈၀) ယာဉ်ထိန်းတပ်ဖွဲ့စု (ဖျာပုံ) မှ ဒုရဲအုပ် ဝိုင်းအောင်ချစ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် အရည်အသွေးပြည့်ဝသည့် ဆိုင်ကယ်စီးဦးထုပ်များ အသုံးပြုမောင်းနှင်ရေး ၊ ဆိုင်ကယ်/သုံးဘီး/အနေးယာဉ်များကို လက်ယာဘက်ယာဉ်ကြောမှကပ်၍ မောင်းနှင်ရေး စသည့်အချက်များအား အသေးစိတ်ရှင်းလင်းဟောပြောသည်။ **ခရိုင်(ပြန်/ဆက်)**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဥပဒေများ စိစစ်ခြင်း - Legislative Scrutiny

အငြိမ်းစားဥပဒေအရာရှိတစ်ဦး

**နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးဟု အာဏာကြီးသုံးရပ် ပိုင်းခြားကျင့်သုံးဆောင်ရွက်ကြပါသည်။ ဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် မရှိမဖြစ် အရေးကြီးသောအရာဖြစ်ပါသည်။ ဥပဒေများသည် တရားမျှတမှု၊ မှန်ကန်မှု၊ ခေတ်နှင့်လျော်ညီမှုရှိသောအခါ နိုင်ငံနှင့် ပြည်သူများသည် ဖွံ့ဖြိုးတိုးတက်ပြီး ဥပဒေ၏အကာအကွယ်နှင့် အနှစ်သာရ အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ပါသည်။**

ဥပဒေများကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းပါသည်။ နိုင်ငံအကျိုးပြုဥပဒေကောင်းများသည် ဥပဒေပြုအာဏာပိုင်များအပေါ်မူတည်၍ ထွက်ပေါ်လာပါသည်။ ထိုသို့ထွက်ပေါ်လာသော ဥပဒေကောင်းများသည် ဥပဒေတွင် ဖော်ပြထားသော ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါသည်။ ဥပဒေကောင်းများ ပေါ်ထွက်ရန် လိုအပ်သကဲ့သို့ ထိုဥပဒေကောင်းများ အာဏာသက်ရောက်မှုရှိပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ရန်မှာလည်း အလွန်အရေးကြီးသည့်အချက်ဖြစ်ပါသည်။

ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ အာဏာသက်ရောက်ခြင်းမရှိလျှင်သော်လည်းကောင်း ထိုဥပဒေများသည် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးပြုနိုင်သည့် ဥပဒေများဟု ဆိုနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဥပဒေကောင်းများ ပေါ်ထွက်လာစေရန် ဥပဒေများမပြဋ္ဌာန်းမီ စိစစ်ခြင်းနှင့် ထိုဥပဒေကောင်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

> ❖ **ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ ဥပဒေကောင်းများ ပြဋ္ဌာန်းနိုင်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ အာဏာသက်ရောက်ခြင်းမရှိလျှင်သော်လည်းကောင်း ထိုဥပဒေများသည် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးပြုနိုင်သည့် ဥပဒေများဟု ဆိုနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဥပဒေကောင်းများ ပေါ်ထွက်လာစေရန် ဥပဒေများမပြဋ္ဌာန်းမီ စိစစ်ခြင်းနှင့် ထိုဥပဒေကောင်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်**
>
> ❖ **ကမ္ဘာ့နိုင်ငံများ၏ ဥပဒေပြုအဖွဲ့များ(လွှတ်တော်များ)သည် ဥပဒေပြဋ္ဌာန်းရန် တာဝန်ရှိသည့်အပြင် ဥပဒေများ၏ ရည်ရွယ်ချက်ကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ ဆန်းစစ်သုံးသပ်ရန်နှင့် စောင့်ကြည့်ရန်လည်း တာဝန်ရှိကြောင်း ခံယူထားကြ**

### ဥပဒေများစိစစ်ခြင်း

ဥပဒေများစိစစ်ခြင်းကို လေ့လာပါက ဥပဒေများ မပြဋ္ဌာန်းမီ စိစစ်ခြင်းနှင့် ဥပဒေများ ပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းဟု နှစ်ပိုင်းခွဲခြားတွေ့ရပါသည်။

နိုင်ငံများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးစနစ်၊ ဥပဒေစနစ်များ တူညီမှုမရှိကြပါ။ အချို့နိုင်ငံများသည် သမ္မတနိုင်ငံများဖြစ်ပြီး အချို့မှာ စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသော နိုင်ငံများဖြစ်ကြပါသည်။ အချို့နိုင်ငံများတွင် လွှတ်တော်နှစ်ရပ်ရှိပြီး အချို့မှာ လွှတ်တော်တစ်ရပ်သာရှိကြပါသည်။ နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အခါအားလျော်စွာ ပြင်ဆင်မှုများ၊ အသစ်ပြုပြင်ရေးဆွဲမှုများ ရှိကြပါသည်။ ထို့ကြောင့် ဥပဒေပြုလုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုများရှိသကဲ့သို့ ကွဲပြားခြားနားမှုများလည်း ရှိကြပါသည်။

### ဥပဒေများ မပြဋ္ဌာန်းမီ စိစစ်ခြင်း

နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုအာဏာပိုင်/ ပါလီမန်နှင့် ပါလီမန်အမတ်များ၏ အဓိကတာဝန်မှာ ဥပဒေများရေးဆွဲခြင်းနှင့် နိုင်ငံအကျိုးပြု ဥပဒေကောင်းများ ပြဋ္ဌာန်းပေးရန်ဖြစ်ပါသည်။ ဥပဒေကောင်းများ ပေါ်ပေါက်လာရန်မှာ ထိုဥပဒေများရေးဆွဲခြင်းလုပ်ငန်းတွင် ဥပဒေများမပြဋ္ဌာန်းမီ စိစစ်ခြင်းအပေါ်တွင် မှီတည်နေပါသည်။ ဥပဒေများမပြဋ္ဌာန်းမီ စိစစ်ရာ၌ ဥပဒေ၏ ရည်ရွယ်ချက်၊ အနှစ်သာရသည် အရေးကြီးသကဲ့သို့ ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ရေးသားထားသော စာသားများသည်လည်း အဓိပ္ပာယ်ဖွင့်ဆိုမှု တိကျမှန်ကန်စေရန်အတွက် အရေးကြီးပါသည်။ Spirit of Law and Letter of Law ဟု ဆိုကြပါသည်။ ထို့ကြောင့် ထိုအချက်များကို ပြည့်စုံမှန်ကန်စေရန်အတွက် ဥပဒေကြမ်းများ စတင်ရေးဆွဲသောအခါတွင် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ဥပဒေကြမ်းများကို တင်သွင်းရာတွင် အမျိုးသား စီမံကိန်းနှင့်ဆိုင်သော ဥပဒေများ၊ အခွန်အကောက်နှင့်သက်ဆိုင်သော ဥပဒေများ၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေများကို အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိကြောင်း နိုင်ငံအများတွင် ပြဋ္ဌာန်းထားပါသည်။ ကျန်ဥပဒေများကို အစိုးရဝန်ကြီးဌာနများနှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းနိုင်ကြောင်း တွေ့ရှိရပါသည်။ ဥပဒေကြမ်းများကို လွှတ်တော်သို့မတင်မီ အစိုးရအဖွဲ့တွင် စိစစ်မှုများ ပြုလုပ်ကြပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ဥပဒေကြမ်းကို စတင်တင်သွင်းသည့် ဝန်ကြီးဌာနများက ကနဦးစတင်ရေးဆွဲပါသည်။ ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ပြီး စိစစ်အကြံပြုချက် ရယူပါသည်။

အချို့သောနိုင်ငံများတွင် ဥပဒေပထမမူကြမ်းကို ကနဦးစတင်ရေးဆွဲသော ဝန်ကြီးဌာနက သက်ဆိုင်ရာ အခြားသောဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် အစိုးရအဖွဲ့၏ ဥပဒေရေးဆွဲရေးအဖွဲ့က ထပ်မံစိစစ်သုံးသပ်ပြီးမှသာ လွှတ်တော်သို့ တင်သွင်းပါသည်။ အလားတူပင် အချို့သောနိုင်ငံများတွင်လည်း Legislative Council ကဲ့သို့သောအဖွဲ့များထားရှိကာ ဥပဒေကြမ်းများကို စိစစ်ကြပါသည်။

ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်သို့ တင်သွင်းပြီးသည့်အခါ သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုလုပ်ငန်းအစီအစဉ်များအရ ဆက်လက်ဆွေးနွေး စိစစ်ကြပါသည်။ ဥပမာအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟု လွှတ်တော်နှစ်ရပ်ရှိပါသည်။ ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပါက ထိုသို့ဆွေးနွေးပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ရပါသည်။

အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပါက ထိုသို့ဆွေးနွေးပြီးနောက် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရပါသည်။ ထိုလွှတ်တော်နှစ်ရပ်လုံး သဘောတူညီမှုရရှိပြီးသောအခါ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆွေးနွေးအတည်ပြုပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းကြပါသည်။ အလားတူပင် အခြားသောနိုင်ငံများတွင်လည်း ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆွေးနွေးအတည်ပြုပြီးနောက် ဥပဒေအဖြစ် ပြဋ္ဌာန်းကြပါသည်။ ထိုသို့ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များမှာ ဥပဒေများမပြဋ္ဌာန်းမီ စိစစ်ခြင်းနှင့် သက်ဆိုင်ပါသည်။

### ဥပဒေများပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်း

ဥပဒေများပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းသည် ကျယ်ပြန့်သော လုပ်ငန်းတစ်ခုဖြစ်ပြီး ရည်ရွယ်ချက်မှာ ဥပဒေသည် ရည်ရွယ်ထားသော မျှော်မှန်းချက်၊ မူဝါဒများ၊ ဦးတည်ချက်များ ပြည့်မီမှု၊ အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အတိုင်းအတာအထိ ထိရောက်မှုရှိသည်ကို လေ့လာခြင်းဖြစ်ပါသည်။ ဥပဒေများကို လေ့လာသုံးသပ်ရာတွင် ပြဋ္ဌာန်းပြီးသော ဥပဒေတစ်ရပ်သည် ရည်ရွယ်သည့်အတိုင်း အကျိုးသက်ရောက်မှုမရှိခြင်း၊ အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက ဥပဒေ၏ အားနည်းချက်ကြောင့် ဖြစ်ပါသလား၊ အကောင်အထည်ဖော်သူများ၏ အရည်အချင်းမပြည့်ဝမှုကြောင့်၊ ဥပဒေကို လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့်၊ ရိုးသားမှုမရှိခြင်းကြောင့် ဖြစ်ပါသလားစသည့်အချက်များကို လေ့လာဆန်းစစ်သုံးသပ်ရန်လိုပါသည်။

ဥပဒေ၏ အားနည်းချက်ကြောင့်ဖြစ်လျှင် ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်သင့်သည့်အချက်များကို လေ့လာဆန်းစစ် သုံးသပ်ပြင်ဆင်ရန် လိုအပ်ပါသည်။ လူပုဂ္ဂိုလ်ကြောင့်ဖြစ်သည်ဆိုလျှင် ထိုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်သူများ၏ အရည်အချင်းကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ရိုးသားမှုမရှိခြင်းကြောင့်၊ အကောင်အထည်ဖော်မဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်ဆိုလျှင် မည်သို့အရေးယူဆောင်ရွက်မည် စသည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်ခြင်းဖြင့် ဥပဒေ၏ အကျိုးသက်ရောက်မှုရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများ၏ ဥပဒေပြုအဖွဲ့များ (လွှတ်တော်များ) သည် ဥပဒေပြဋ္ဌာန်းရန် တာဝန်ရှိသည့်အပြင် ဥပဒေများ၏ ရည်ရွယ်ချက်ကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ ဆန်းစစ်သုံးသပ်ရန်နှင့် စောင့်ကြည့်ရန်လည်း တာဝန်ရှိကြောင်း ခံယူထားကြပါသည်။

အချို့သော လွှတ်တော်များသည် ဥပဒေပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းကို အထူးလွှတ်တော်ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ ဥပဒေကို ပြင်ဆင်ရန် ဆောင်ရွက်ခြင်း၊ လွှတ်တော်ဆိုင်ရာ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ အုပ်ချုပ်ရေးကဏ္ဍအား အစီရင်ခံစာပေးပို့စေခြင်းနှင့် အချိန်ကာလ အတိုင်းအတာတစ်ခုအတွင်း တုံ့ပြန်ရန် တောင်းဆိုခြင်း၊ ဥပဒေအသစ် ပြင်ဆင်ဆောင်ရွက်ရာတွင် အခြေအနေအထောက်အထားများနှင့် မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ရကြောင်း စာတမ်းများတင်သွင်းစေခြင်းတို့ဖြင့် ဆောင်ရွက်ကြပါသည်။ အချို့နိုင်ငံများတွင် အုပ်ချုပ်ရေးကဏ္ဍနှင့် လွှတ်တော်တို့အား ပါဝင်စေပြီး သက်ဆိုင်ရာဌာနမှ စိစစ်ခြင်းနှင့် လွှတ်တော်မှ စိစစ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သည့် နိုင်ငံများလည်းရှိပါသည်။

ယူကေ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ဆွစ်ဇာလန်၊ အိန္ဒိယ စသည့်နိုင်ငံတို့၏ လွှတ်တော်များကို လေ့လာပါက ဥပဒေများ ပြဋ္ဌာန်းပြီးနောက် ပြန်လည်စိစစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ ထိုနိုင်ငံများတွင် ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းကို လုပ်ဆောင်သည့် အဖွဲ့အစည်း၊ ကော်မတီစသည်တို့၏ အခေါ်အဝေါ်၊ အမည်နာမ မတူညီကြသော်လည်း လုပ်ငန်းဆောင်ရွက်မှု အနှစ်သာရအားဖြင့် တူညီကြကြောင်း တွေ့ရှိရပါသည်။

နိုင်ငံများသည် တရားဥပဒေစိုးမိုးရေးကို အလေးထားကြသော်လည်း ဥပဒေများပြဋ္ဌာန်းပြီးနောက် ဥပဒေအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်ကို သတိမမူ၊ လျစ်လျူရှုထားတတ်ကြပါသည်။ နိုင်ငံများစွာတွင် ဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးသော်လည်း လက်တွေ့ကျင့်သုံးမှုမရှိခြင်း၊ ထိုဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းမှုမရှိခြင်း၊ လက်တွေ့ကျင့်သုံးမှု၊ ဥပဒေ၏ အကျိုးသက်ရောက်မှုတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ မရှိခြင်းတို့သည် ဥပဒေ၏ ရည်ရွယ်ချက်နှင့် အောင်မြင်မှုကို အဟန့်အတားဖြစ်စေသည့် အချက်များဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကြီးဆုံး လူမှုအကျိုးပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရှမာနော့ဗ် ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံရှိ ဘေးသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများ ပေးအပ်မည့်ကိစ္စ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျိုးဆက်များ တားဆီးရေးဝန်ကြီးဌာန (EMERCOM) တို့အကြား ရုရှား-မြန်မာ အရေးပေါ်တုံ့ပြန်ရေးဗဟိုဌာန (Russia–Myanmar Joint Humanitarian Response Center) ထူထောင်ရန် နားလည်မှု စာချွန်လွှာ(MoU)ရေးထိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မန္တလေးငလျင်ကြီး အတွက် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာမှ အကူအညီပေးအပ်ခဲ့မှုများ၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။(ယာပုံ)



တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ်နှင့် ရှမာနော့ဗ် ဖောင်ဒေးရှင်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်သည်။







ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပီလောပီနံ စိုက်ပျိုးထုတ်လုပ်သူ တစ်ဦးက တိုင်းဒေသကြီးအတွင်း ပီလောပီနံ စိုက်ပျိုးမှု၊ ပီလောပီနံကွင်းခြောက်များ ထုတ်လုပ်မှု၊ ပီလောပီနံအထူးဇုန် အကောင်အထည်ဖော်ဆောင် နိုင်ရေးဆောင်ရွက်မှု အခြေအနေ၊ ပေါ်ဆန်းစပါးစိုက် တောင်သူတစ်ဦးက ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း စတင်စိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ဈေးကွက်ရရှိမှု အခြေအနေ၊ တောင်သူတစ်ဦးက နွေစပါးကန်သင်းပေါ်တွင် ကျင်းစနစ်ဖြင့် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးအောင်မြင်မှု အခြေအနေ၊ အုန်းချိုမွှေး စိုက်ပျိုးထုတ်လုပ်သူတစ်ဦးက အုန်းချိုမွှေး စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု အခြေအနေ၊ စက်မှုလက်မှုလုပ်ငန်းရှင်တစ်ဦးက စပါး၊ ပဲ၊ ခြွေလှေ့စက်ထုတ်လုပ်မှု၊ ဒေသရေမြေနှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ပစ္စည်းများ တီထွင်ဖန်တီးထုတ်လုပ်မှု အခြေအနေများကို တင်ပြကြသည်။

ထို့အတူ ခရိုင်များမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိမှု၊ မိုးစပါး၊ နွေစပါးပန်းတိုင်အထွက်နှုန်း ရောက်ရှိရေး ဆောင်ရွက်နေမှု၊ ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ စိုက်ပျိုးမှု၊ မြို့၏ ၃ မိုင်ပတ်လည် Green Zone များ အကောင်အထည်ဖော်ဆောင်လျက်ရှိမှု အခြေအနေ၊ တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံမှု၊ သီးနှံစုံပန်းတိုင် အထွက်နှုန်း ရောက်ရှိရေးဆောင်ရွက်ထားရှိမှု၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်း လေးသွယ်ဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ အရည်အသွေး ကောင်းမွန်သည့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် export zone များ ဖော်ထုတ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စီးပွားရေးရာဝန်ကြီးက (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပြိုင်ပွဲ အတွေ့အကြုံများ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းလိုက်သော ဥပဒေများကို အုပ်ချုပ်ရေးအာဏာပိုင်များ၊ တရားစီရင်ရေးအာဏာပိုင်များအားလုံးက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ နိုင်ငံတွင်း နေထိုင်သူအားလုံးနှင့် နိုင်ငံသားများအားလုံးလည်း လိုက်နာကြရပါသည်။ ဥပဒေများ ကောင်းမွန်ပြီး ထိုဥပဒေကောင်းများကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်နိုင်မှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်ပြီး တရားဥပဒေစိုးမိုးနိုင်မည် ဖြစ်ပါသည်။

ဥပဒေပြုရေးတာဝန်မှာ အလွန်အရေးကြီးသော်လည်း ယခင်က ဥပဒေပညာဘွဲ့ သင်ရိုးများတွင် ဥပဒေရေးဆွဲရေးဘာသာရပ်ကို သီးခြား ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားခဲ့ရခြင်းမရှိခဲ့ပါ။ ယနေ့ခေတ်တွင်လည်း ထိုဘာသာရပ်ကို သီးခြားဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားနေသည်ဟု လေ့လာတွေ့ရှိရခြင်းမရှိပါ။ တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်သင်ကြားပို့ချရာ၌ ထိုဘာသာရပ်ကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ထည့်သွင်းပို့ချသင်ကြားသင့်ပါသည်။

အချို့သောနိုင်ငံများတွင် ဥပဒေများစိစစ်ခြင်းနှင့်စပ်လျဉ်း၍ Legislative Council၊ Cabinet Legislation Bureau ၊ Standing Committee on Legislation စသည့်အမည်များဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်းကာ ဥပဒေစိစစ်ခြင်းကို ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ဥပဒေများမပြဋ္ဌာန်းမီ စိစစ်ခြင်းအား ဥပဒေကိုကနဦးစတင်ရေးဆွဲသော ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး/ ဥပဒေရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ကြပြီး ရရှိလာသောဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး/ ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့စိစစ်အကြံဉာဏ်တောင်းခံပါသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာဌာနများက စိစစ်ဆောင်ရွက်ကြပါသည်။ ဥပဒေများပြဋ္ဌာန်းပြီးနောက် စိစစ်ခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အခါအားလျော်စွာ သုံးသပ်ဆောင်ရွက်သော်လည်း တိကျသောပြဋ္ဌာန်းချက်များ၊ အဖွဲ့အစည်းများဖြင့် တာဝန်ပေးအပ်ထားခြင်းများ မတွေ့ရှိရပါ။

ဥပဒေများစိစစ်ခြင်းသည် နိုင်ငံတိုင်းအတွက် အလွန်အရေးကြီးသောကဏ္ဍဖြစ်ပါသဖြင့် နိုင်ငံများအနေဖြင့် အလေးထားဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ဥပဒေများစိစစ်ခြင်းကဏ္ဍကောင်းမွန်တိုးတက်လာသည်နှင့်အမျှ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသော ဥပဒေများ ပေါ်ထွက်လာပြီး ဥပဒေ၏ အာဏာသက်ရောက်မှုများ ပိုမိုထိရောက်မှုရှိလာမည်ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်တွင် ပြဋ္ဌာန်းထားခြင်းမရှိသေးသော ဥပဒေများကို ခေတ်နှင့်အညီ ဖြစ်စေရန်အတွက် လိုအပ်သောဥပဒေများကိုလည်း ပြဋ္ဌာန်းသင့်ပါသည်။ ဥပမာအားဖြင့် ရှေးယခင်က ရာဇဝတ်မှုများသည် ရိုးရှင်းသော်လည်း မျက်မှောက်ခေတ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ Cyber Crime ကဲ့သို့ မှုခင်းများမှာ အသစ်အဆန်းပေါ်ပေါက်လာသည့် မှုခင်းများ ဖြစ်ပါသည်။ ထိုသို့သော ဆန်းသစ်သည့် အမှုများကို အရေးယူဆောင်ရွက်နိုင်ရန်အတွက်လည်း ဥပဒေအသစ်များကို ပြဋ္ဌာန်းရန်လိုအပ်မည် ဖြစ်ပါသည်။

အခြေခံပညာအထက်တန်းအဆင့်က ရူပဗေဒဘာသာရပ်ကို သင်ယူခဲ့ရာတွင် အလုပ်ဆိုသည်မှာ ဆောင်ရွက်မှုအတွက် ဆိုလိုခြင်းမဟုတ်ဘဲ အောင်မြင်ပြီးမြောက်မှုအတွက် ဆိုလိုကြောင်း မှတ်သားမိပါသည်။ ဥပဒေများ ပြဋ္ဌာန်းရာတွင်လည်း ဥပဒေ၏ရည်ရွယ်ချက်အတိုင်း ထိရောက်အောင်မြင်မှသာ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ တည်ဆဲဥပဒေများသည် အစဉ်ခေတ်မီတိုးတက်ပြီး နိုင်ငံနှင့်ပြည်သူကို အကျိုးဖြစ်ထွန်းစေရန် အစဉ်ပြန်လည်သုံးသပ်စိစစ်နေရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရွှေပြည်သာမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာ တီးဝိုင်းနှင့် ပန်းဖွားအကတို့ဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောမည့် စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ပေးအပ်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ပြခန်းများ၊ ပြိုင်ပွဲများ၊ စာအုပ်အရောင်းဆိုင်များကို လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် စာပေစကားဝိုင်း ဆွေးနွေးပွဲကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို အဆိုပါကျောင်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှု၊ စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ) ၏ ဟောပြောမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရွှေညောင် - ညောင်ရွှေ လမ်းပြုပြင်နေမှုနှင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ရွှေညောင် - ညောင်ရွှေ လမ်းပြုပြင်နေမှုနှင့် ညောင်ရွှေမြို့ တိလောကျေးရွာ၌ နွေစပါးဧက ၁၀၀ စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေညောင်-ညောင်ရွှေ လမ်းပြုပြင်နေမှုနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းကို သတ်မှတ် စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်၊ လမ်းဧရိယာကို သတ်မှတ်ပေးရန်နှင့် လမ်းဘေးဝဲ၊ ယာ သစ်ပင်စိုက်ပျိုးပေး၍ ရှင်သန်အောင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရွှေညောင်လမ်းဘေးရှိ ဈေးဆိုင်ခန်းများကို ပြန်လည်ဖြုတ်သိမ်းရန်လွယ်ကူသည့် ယာယီတဲများဖြင့်သာ ရောင်းချရန်နှင့် ရေမြောင်းမရှိသည့်နေရာ၌ ယာဉ်များ လမ်းဘေး ချရပ်နားနိုင်ရန်အတွက် ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ညောင်ရွှေမြို့ တိလော ကျေးရွာ၌ နွေစပါး ၁၀၀ ဧက စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုရာ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးမှူးက ၂၀၂၅ - ၂၀၂၆ ခုနှစ် နွေစပါးလျာထား စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် တာယောချောင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားပြီး တောင်သူများ၏ လိုအပ်ချက်တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သာစည်ကန်နှင့် နဒီကန်တာပေါင်မြှင့်တင်ဆောင်ရွက်နေမှုနှင့် သဲနုန်းတူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆေးတက္ကသိုလ်-တောင်ကြီးတွင် တက်ရောက်နေသောကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဆေးပညာဖြင့် နိုင်ငံကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးစားပေးကြရန် တိုက်တွန်းမှာကြားပြီး ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းသား ကျောင်းသူ ရှစ်ဦးက လက်ခံရယူကာ ကျောင်းသူတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ပဲခူးတိုင်းဒေသကြီးလူငယ်စင်တာ၌ "လူငယ်တို့ထိန်းသိမ်းသွားရမည့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ယဉ်ကျေးမှုအမွေအနှစ်များ" စာပေစကားဝိုင်း ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် ပဲခူးမြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် "လူငယ်တို့ထိန်းသိမ်းသွားရမည့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ယဉ်ကျေးမှု အမွေအနှစ်များ" စာပေစကားဝိုင်းကို တိုင်းဒေသကြီးလူငယ်စင်တာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က လူငယ်များကို အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတများပြည့်စုံစေရန် ယခုလို လူငယ်တွေ အသိ



ပညာများ ဗဟုသုတများ ရရှိစေမည့် စာပေစကားဝိုင်းများကို စဉ်ဆက်မပြတ် ကျင်းပသွားရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများကို အထူးအလေးပေးကာ လူငယ်လူကြီး အားလုံးအတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပဲခူးမြို့နယ် စာရေးဆရာအသင်း စာရေးဆရာများက လူငယ်တွေ ဗဟုသုတ ရရှိစေမည့် ပဲခူးနှင့်ပတ်သက်သည့် ရှေးဟောင်းဖြစ်စဉ်များ၊ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည့် အချက်အလက်များ၊ နှလုံးသားအာဟာရ ရသစာစုများ၊ ဟံသာဝတီခေတ်စာဆိုတော်များအကြောင်း၊ သမိုင်းသက်သေစာအုပ်စာပေ လူ့မိတ်ဆွေ၊ ပဲခူးမြို့ရှိ တန်ခိုးကြီး ဘုရားများနှင့် ထင်ရှားသောနေရာများအကြောင်း၊ ပဲခူးမြို့မှ ထင်ပေါ်ကျော်ကြားခဲ့သည့် အနုပညာရှင်များ၊ အားကစားသမားများ အကြောင်းတို့ကို လူငယ်တွေ ဗဟုသုတရရှိစေရန် စာရေးဆရာများက စိတ်ဝင်စားဖွယ် ရှင်းလင်းပြောကြားသည်။

စကားဝိုင်းအပြီးတွင် တက်ရောက်လာသော လူငယ်မောင်မယ်များမှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အထင်ကရနေရာများ၊ တန်ခိုးကြီး ဘုရားများနှင့် စေတီများပြသထားသည့် ဓာတ်ပုံပြခန်းနှင့် ခင်းကျင်းထားသော စာအုပ်များကို စိတ်ဝင်တစား ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေး

**လှည်းကူး ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်တင်အေးက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာများအကြောင်း ဆွေးနွေးပြောကြားပြီး လှည်းကူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝါဝါအုန်းက မွေးမြူရေးဇုန်အတွင်း လိုက်နာရမည့်ဇီဝလုံခြုံမှုဆိုင်ရာ အခြေခံစည်းမျဉ်းများအကြောင်း၊ ဘေးအန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော မွေးမြူရေးခြံတစ်ခြံဖြစ်ရန် ဇီဝလုံခြုံရေး အစီအမံများသည် အရေးကြီးသော အလေ့အကျင့်ကောင်းတစ်ခုဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

လှည်းကူး(ပြန်/ဆက်)



# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာအထက်တန်းကျောင်း၌ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး စာကျက်ဝိုင်းများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁၉**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် သိပ္ပံဆောင်နှင့် စာကြည့်တိုက် တည်ဆောက်နေမှုများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အာရ်စီစီတစ်ထပ် သိပ္ပံဆောင်နှင့် အာရ်စီစီတစ်ထပ် စာကြည့်တိုက်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ချိကယ်)၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်းမှ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ ပြည်နယ်ဂုဏ်ဆောင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရှင်များ၊ လုပ်ငန်းရှင်များဖြစ်သည်အထိ ရည်မှန်းချက်ထားကြရန်နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဖြင့် နိုင်ငံတော်ကို အကျိုးပြုသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် ကြိုးစားကြရန် အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ Grade 12 ကျောင်းသား ကျောင်းသူများ



တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာကျက်ဝိုင်း၌ သင်ကြားလေ့လာကျက်မှတ်နေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ရင်းနှီးနွေးထွေးစွာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း လုပ်ငန်းများဆောင်ရွက်

**သနပ်ပင် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂)လမှ(၁)နှစ်ခွဲအထိ ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်၍ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ နံနက် ၁၀ နာရီမှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများအဖြစ် အသက်(၂)လမှ (၁)နှစ်ခွဲထိ ကလေးငယ်များအား ပိုလီယိုရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ရိုတာ) ကာကွယ်ဆေးများ တိုက်ကျွေးခြင်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

## မိုင်းယောင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပြုပစ္စည်းများ ပေးအပ်

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် သင်ထောက်ကူပြုပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထက(မိုင်းယောင်း)၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးသက်ဘုန်းဝေနှင့် အထက(မိုင်းယောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြည်တို့က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ဖြေဆိုနိုင်ရေး ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ တာဝန်ရှိသူများက တန်ဖိုးငွေကျပ် ၈၅၀၁၅၀၀ ရှိသင်ထောက်ကူပြုပစ္စည်းများ၊ ဆက်သွယ်ရေးခက်ခဲသော အမက(မိုင်းဟစ်)၊ အမက-နမ့်နေဒ်(အပေါ်)ကျောင်းတို့အတွက် တန်ဖိုးငွေကျပ် ၁၁ သိန်းရှိ ဆက်သွယ်ရေးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် အထက (မိုင်းယောင်း)ကျောင်း စာကြည့်တိုက်၌ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့သည်။ **စိုင်းအောင်ဇော်လင်း**

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းမှ သင်ကြားပြသလျက်ရှိ

**စလင်း ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အလိုက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း Grade-12 အောင်ချက်မြင့်မားရေး၊ အွန်လိုင်းသင်တန်းဖွင့်လှစ်သင်ကြားပြသလျက်ရှိရာ ယနေ့နံနက်ပိုင်းက စလင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားခန်းမ၌ သင်ကြားနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။

စလင်းမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးမှ အထက (၁)၊ အထကဆင့်ဖြူကျွန်းတို့အား နှစ်နေရာခွဲ၍ Online စနစ်ဖြင့်သင်ကြားပေးလျက်ရှိရာ စလင်းအထကနှင့်အထကဆင့်ဖြူကျွန်းတို့၌ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၀၉ ဦးကို ကြီးကြပ်သူ ဆရာ ဆရာမ ၄၄ ဦးဖြင့် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ဆွေးနွေး သင်ကြားပေးလျက်ရှိပြီး ယခုလို သင်ကြားပြသပေးခြင်းအားဖြင့် မတ် ၁၁ ရက်တွင်ဖြေဆိုမည့် ကျောင်းသူ ကျောင်းသားများ အောင်ချက်မြင့်မားရေးနှင့် စာပေအသိပညာ ကြွယ်ဝကာ ထူးချွန်သော ကျောင်းသား ကျောင်းသူလေးများ ဖြစ်လာစေရန် ရည်ရွယ်၍ သင်ကြားပြသပေးခြင်းဖြစ်ကြောင်း အွန်လိုင်းစနစ်ဖြင့် သင်ကြားပြသနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**




လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ☎ ၀၁-၈၆၆၆၆၀၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ☎ ၀၂-၂၈၃၀၄၂၃


## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်းနယ်မြေအလိုက် စာသင်ဝိုင်းများဖွင့်လှစ်ထားရှိမှု ကြည့်ရှုအားပေး



**မော်လမြိုင် ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ၂၀၂၆ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း နယ်မြေအလိုက် စာသင်ဝိုင်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ စဉ်ဆက်ပညာရေးလုပ်ငန်း စာသင်ဝိုင်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာသင်ဝိုင်းများရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း၌ စဉ်ဆက်ပညာရေးလုပ်ငန်း စာသင်ဝိုင်းများဖွင့်လှစ်ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ချောက်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ မီးဘေးလုံခြုံရေးစစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေး စာစစ်ဌာနများ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေး ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထက်အောင်နိုင်နှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စာဖြေခန်းများတွင် လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြည့်မှုမရှိစေရေး စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများသုံးစွဲရရှိမှု ရှိ/မရှိ စစ်ဆေးခြင်း၊ အရေးပေါ်ရေကန်များ ရေဖြည့်ထားရှိမှုနှင့် အမှိုက်သရိုက်များ ရှင်းလင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ချောက်မြို့နယ်တွင် ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာန သုံးခုရှိပြီး စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၀၂ ဦးရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆင်ပေါင်ဝဲမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မီးဘေးအန္တရာယ်မဖြစ်စေရေးအတွက် ယနေ့နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့ ချောင်းကောက်ကျေးရွာ၊ လက်ပန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ညွှန်ကြားမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့များက ဆင်ပေါင်ဝဲမြို့၊ ချောင်းကောက်ကျေးရွာနှင့် လက်ပန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့တွင် စာမေးပွဲအခန်းပြင်ဆင်ထားရှိမှု၊ ရေရရှိမှု၊ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်မီးသုံးစွဲမှု၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပြင်ဆင်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ အကြံပြုပေးခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## ဇေယျာသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ဦးမြတ်သီဟ ဦးဆောင်မှုဖြင့် စက်ရုံ/ အလုပ်ရုံများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြပွဲများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ရွှေမြို့ဆိုလာခတ်အားပေးလုပ်ငန်း၌ ဥတ္တရခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းလေ့ကျင့်မှုများကို ဇေယျာသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမင်းသူက လက်တွေ့ငြိမ်းသတ်နည်း သရုပ်ပြသမှုများဆောင်ရွက်ခဲ့ရာ ဆိုလာခတ်အားပေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်း ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)


## ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များ(Private Cinema) ဖွင့်လှစ်ပြသနေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအနေဖြင့် အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် ပရိုဂျက်တာ/ TV အသုံးပြု ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များကို ဟိုတယ်/ တည်းခိုခန်းများကဲ့သို့ အခန်းကန့်ပြီး ဖွင့်လှစ်လာကြ၍ မလိုလားအပ်သော လူမှုရေးရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြသခွင့်လိုင်စင်များ ထုတ်ပေးမှုများရှိပါက ချက်ချင်းရုပ်သိမ်းသွားရန်နှင့် တရားမဝင်ပြသနေမှုများအား ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေအရ အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီး/ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိပါသည်။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ RIO Private Cinema ၊ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ The Vibe Mini Cinema အပါအဝင် အချို့သော Private Cinema များသည် ဆင်ဆာမဲ့ရုပ်ရှင်ဇာတ်ကားများကို အသုံးပြု၍ မလျော်ကန်စွာ တရားမဝင် ဆက်လက်ဖွင့်လှစ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ပါ၍ လုပ်ငန်းလိုင်စင်မရှိဘဲ ရုပ်ရှင်ရုံဖွင့်လှစ်ပြသခြင်း၊ ဆင်ဆာမဲ့ဇာတ်ကားများ ပြသခြင်းများ ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ


## တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

တောင်ဥက္ကလာပမြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းနှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များအား



စစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် စက်သုံးဆီဆိုင်များ၌ မီးသတ်ဆေးဘူးများထားရှိမှု၊ ရေ၊ သဲနှင့် မီးချိပ်မီးကပ်များ စနစ်တကျထားရှိမှု၊ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့် လုပ်ငန်းများကို စက်သုံးဆီအရောင်းဆိုင်များမှ တာဝန်ခံများ၊ ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးမှာကြားပြီး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ခင်ဆွေနှင်း(ပြန်/ဆက်)





# (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော်   ဖေဖော်ဝါရီ ၁၉**

၂၀၂၆ ခုနှစ် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော်   ဖေဖော်ဝါရီ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၇၀ ဒသမ ၆၃၈၆ တန်၊ သစ်မာ ၁၂ ဒသမ ၃၆၅၄ တန်၊ အခြား ၉၂ ဒသမ ၈၃၃၈ တန် စုစုပေါင်း ၁၇၅ ဒသမ ၈၃၇၈ တန်၊ ယာဉ်/ယန္တရား လေးစီး၊ တရားခံ ၁၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**




❑ *ကျောဖုံးမှ*

နောက်ပိုင်းပွဲချိန်များတွင် အာရုံစိုက်မှုလျော့နည်းကာ ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

အာဆင်နယ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းသွားခဲ့သည်။ ထို့ပြင် အာဆင်နယ်အသင်းသည် တစ်ပွဲပိုကစားပြီး ၅ မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သော်လည်း လာမည့်ပွဲစဉ်များတွင် စပါး၊ ချယ်ဆီး၊ ဘရိုက်တန် စသည့် နာမည်ကြီးအသင်းများနှင့် ဆက်တိုက်ကစားရမည်ဖြစ်ပြီး ရမှတ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါက ဇယားထိပ်ပိုင်းဦးဆောင်မှု လက်လွှတ်ရဖွယ်ရှိနေသည်။

ဝုဖ်အသင်းသည် အာဆင်နယ်အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကျအောင် ကစားနိုင်ခဲ့သည့်အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားတက်စရာဖြစ်သော်လည်း တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်နိုင်ခြင်း မရှိသေးပေ။ ထို့ပြင် ဝုဖ်အသင်းသည် ပရီမီယာလိဂ် ၂၇ ပွဲကစားပြီးချိန်အထိ နိုင်ပွဲတစ်ပွဲသာ ရရှိထားသေးပြီး ရှုံးပွဲ ၁၉ ပွဲနှင့်အတူ ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး ရပ်တည်နေသည့်အသင်းဖြစ်သည်။ **အောင်ဇော်**

❂ *ကျောဖုံးမှ*

ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ငွေပုလဲချောင်းကမ်းအနီး၌ တရားမဝင် ပေါင် ၆၀ ဝင် မီးသွေးအိတ် ၇၃ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၆၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၄၅၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၄၅၆၀)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**



## ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၌ မီးဘေးလုံခြုံရေးအသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ဘိုကလေး   ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ယနေ့ ညနေ ၃နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းတို့ ဆောင်ရွက်သည်။

မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောရာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးထွန်းအောင်က မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်များအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့်အဖွဲ့က ဟောပြောပွဲတက်ရောက်ကြသူများအား မီးငြိမ်းသတ်နည်း သရုပ်ပြခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ Rice Export Zone (REZ)အကြောင်း အသိပညာပေးဟောပြောပွဲနှင့် နားလည်မှုစာချွန်လွှာရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က အမှတ်(၃) ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး အောင်ကမ္ဘာဆုထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထက်အောင်က Rice Export zone(REZ)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များအားလုံး ရုပ်သိမ်းလျက်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၉**

ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကို အမေရိကန်က ပြန်လည်ရုပ်သိမ်းလျက်ရှိသည်ဟု အမေရိကန်အရာရှိသုံးဦး၏ ပြောကြားချက်ကို ကိုးကား၍ သည်ဝေါစထရိဂျာနယ်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အယ်ရှာဒါဒီစခန်းနှင့် အယ်တန်းနစ်ဖ် အခြေစိုက်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များကို ယခုလအစောပိုင်းတွင် ပင်တဂွန်က ရုပ်သိမ်းခဲ့သည်ဟု ဖော်ပြထားသည်။

လာမည့်နှစ်လကျော် ကာလအတွင်း ကျန်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင် အားလုံး ဆီးရီးယားမှ ထွက်ခွာသွားမည်ဖြစ်ပြီး ဆယ်စုနှစ်တစ်ခုကြာ ဆီးရီးယားတွင် အမေရိကန်၏ တပ်ဖွဲ့ဝင်များရှိနေမှုကို အဆုံးသတ်သွားမည်ဖြစ်သည်ဟု အမေရိကန်အရာရှိနှစ်ဦးက သည်ဝေါစထရိဂျာနယ်ကို ပြောသည်။

ဆီးရီးယားနိုင်ငံ၌ ပဋိပက္ခများဖြစ်ပွားနေချိန် အိုင်အက်စ်များကို နှိမ်နင်းရန်အတွက် အမေရိကန်သမ္မတ ဘားရက်အိုဘားမား လက်ထက် ၂၀၁၄ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆီးရီးယား၌ ပထမဆုံး တပ်ဖြန့်ချထားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပထမအကြိမ် သမ္မတသက်တမ်းတွင် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ကို တဖြည်းဖြည်းချင်း လျှော့ချခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံက အဝတ်အထည်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်ရရှိ

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၉**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အဝတ်အထည်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်ရရှိကြောင်း သိရသည်။

အဆိုပါ အရေအတွက်မှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ထုတ်ပြန်သည့် တရားဝင် အချက်အလက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ၁ ဒသမ ဝ၁ ဘီလီယံဒေါ်လာ တန်ဖိုးရှိ အဝတ်အထည်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါ အရေအတွက်မှာ ယမန်နှစ် အလားတူကာလထက် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း၊ အလားတူ ဒေါ်လာ ၁၉၆ ဒသမ ၆ သန်းတန်ဖိုးရှိ ဖိနပ်များကိုလည်း နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ခဲ့ရာ ၁၆ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကပြောကြားသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ဒေါ်လာ ၁၈၈ သန်းတန်ဖိုးရှိ ခရီးသွားကုန်ပစ္စည်းနှင့် အိတ်များကိုလည်း တင်ပို့နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။




အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားငွေ အများဆုံးရရှိသည့် လုပ်ငန်းဖြစ်ပြီး နိုင်ငံ၏စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်း ရရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် လက်ရှိတွင် အဆိုပါကဏ္ဍ၌ စက်ရုံပေါင်း ၁၅၀၀ ကျော်ရှိပြီး အလုပ်သမား ကိုးသိန်းကျော်ကို ခန့်အပ်ထားကာ အများစုမှာ အမျိုးသမီးများ ဖြစ်ကြောင်း အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်းလေ့ကျင့်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ဂျပန်အမျိုးသားတက္ကသိုလ်သုံးခု၌ ပြည်ပကျောင်းသားများ ပိုမိုလက်ခံရန်ခွင့်ပြု

**တိုကျို ဖေဖော်ဝါရီ ၁၉**

ပြည်ပကျောင်းသားများကို ပိုမိုဆွဲဆောင်ရန် နိုင်ငံတကာယှဉ်ပြိုင်မှုများ ပြင်းထန်လာချိန်တွင် ဂျပန်ပညာရေးဝန်ကြီးဌာနက ဂျပန်အမျိုးသား တက္ကသိုလ်သုံးခုတွင် ပြည်ပကျောင်းသားများကို ပိုမိုလက်ခံရန် ခွင့်ပြုပေးခဲ့သည်။



၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ပြည်ပကျောင်းသား ၃၃၆၇၀၈ ဦး ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ ဂျပန်ပညာရေးဝန်ကြီးဌာနသည် ၂၀၃၃ ခုနှစ်တွင် ပြည်ပကျောင်းသား ၄၀၀၀၀၀ ထိ တိုးလာရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

ပြည်ပ ကျောင်းသားများအတွက် တက္ကသိုလ်ခွဲတမ်းများ ဖြေလျှော့ပေးရန်အတွက် အထူးစနစ်တစ်ခုကို ပညာရေးဝန်ကြီးဌာနက မိတ်ဆက်ပေးခဲ့သည်။

လိုအပ်ချက်များနှင့် ကိုက်ညီသော ကျောင်းသုံးကျောင်းဖြစ်သည့် တိုဟိုကုတက္ကသိုလ်၊ ဆူကုဘာတက္ကသိုလ်နှင့် ဟီရိုရှီးမားတက္ကသိုလ်များတွင် ယင်းစနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။

အဆိုပါတက္ကသိုလ်တစ်ခုချင်းစီ၏ပြည်ပကျောင်းသားရာခိုင်နှုန်းသည် လတ်တလောတွင် ဂဏန်းတစ်လုံးသာဖြစ်သည်။ ထို့ကြောင့် တိုဟိုကုနှင့် ဆူကုဘာတက္ကသိုလ်များက ၎င်းတို့၏ကျောင်းသားအချိုးကို ၂၀ မှ ၂၉ ရာခိုင်နှုန်းအထိ မြှင့်တင်ရန် စီစဉ်ထားရှိပြီး ဟီရိုရှီးမားတက္ကသိုလ်က ကျောင်းသားပမာဏကို အမှတ်ပေးစနစ်ဖြင့် ၁၀ မှတ် တိုးလာရန်ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် လေ့လာမှုစစ်တမ်းအရ ဘွဲ့ကြိုလေ့လာမှုတွင် ပြည်ပ ကျောင်းသားအချိုးသည် ဩစတြေးလျတွင် ၁၇ ရာခိုင်နှုန်းဖြစ်ပြီး ဗြိတိန်နှင့် ကနေဒါတို့တွင် ၁၅ ရာခိုင်နှုန်းဖြစ်ကာ ဂျပန်နိုင်ငံတွင် ၃ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

နိုင်ငံရပ်ခြားမှ ထူးချွန်ကျောင်းသားများသည် ဂျပန်တက္ကသိုလ်များ၏ သုတေသနစွမ်းရည်ကို အားကောင်းလာစေလိမ့်မည်ဖြစ်သလို သင်ကြားသင်ယူမှု အရည်အသွေးကိုလည်း တိုးတက်လာစေလိမ့်မည်ဟု ပညာရေးဝန်ကြီးဌာနက မျှော်လင့်ထားသည်။ **အင်န်အိတ်ချ်ကေ**

# အသည်းရောဂါကို စောစီးစွာသိရှိနိုင်မည့် ကိရိယာသစ် ဩစတြေးလျသုတေသီများပြုလုပ်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၉**

ဩစတြေးလျရှိ သုတေသနပညာရှင်များသည် ပြင်းထန်သည့် အသည်းရောဂါကို ဆရာဝန်များစောစီးစွာနှင့် ပိုမိုတိကျစွာ သိရှိစေနိုင်မည့် ရောဂါရှာဖွေရေးကိရိယာတစ်ခုကို တီထွင်ထုတ်လုပ်လိုက်သည်။

အဆိုပါ ရောဂါရှာဖွေရေးကိရိယာသစ်ကို Fibroblast Activation Protein( FAP)–Index ဟုခေါ်ဆိုပြီး ဇီဝဖြစ်စဉ်ဆိုင်ရာ အသည်းအဆီဖုံးရောဂါကြောင့် ဖြစ်ပွားသော ပြင်းထန်သည့် အသည်းပျက်စီးမှုအတွက် ဖြစ်နိုင်ခြေရှိသူများကို ဆရာဝန်များက ခွဲခြားသတ်မှတ်ရာတွင် တိုးတက်ကောင်းမွန်လာစေသည်ဟု ဩစတြေးလျနိုင်ငံ စန်တီနရီ အင်စတီကျူ့က ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

FAP–Index သည် FAP ကို တိုင်းတာသည့် သွေးစစ်ချက်နမူနာကို ပုံမှန်ကောက်ယူစုဆောင်းထားသော လက်တွေ့အချက်အလက်များနှင့် ပူးပေါင်းကာ လူနာတစ်ဦး၏ အသည်းအမာရွတ်ဖြစ်နိုင်ခြေကို တိကျသော အကဲဖြတ်မှုပြုလုပ်ပေးနိုင်သည်ဟု ၎င်းတို့က ပြောသည်။ **ဆင်ဟွာ**



# ပါကစ္စတန်၌ အဆောက်အအုံအတွင်း ဂတ်စ်အိုးပေါက်ကွဲမှု သေဆုံးသူ ၁၆ ဦးအထိရှိလာ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၉**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ လူနေအဆောက်အအုံတစ်လုံးတွင် ဂတ်စ်အိုးပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၁၆ ဦးအထိ ရှိလာသည်ဟု ကယ်ဆယ်ရေးအရာရှိများက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောသည်။ သုံးထပ်အဆောက်အအုံပထမထပ်တွင် နံနက် ၄ နာရီ ၁၅ မိနစ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့၏ လက်ထောက်အကြီးအကဲဖြစ်သူ ဂျမ်ရှစ်အက်ရှာက မီဒီယာသို့ ပြောသည်။

ပေါက်ကွဲမှုအပြီးတွင် အဆိုပါအဆောက်အအုံသည် တစ်စိတ်တစ်ပိုင်း ပြိုကျသွားခဲ့ပြီး အပျက်အစီးများအောက်တွင် လူအချို့ပိမိသွားခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါအဆောက်အအုံတွင် အခန်းငယ်များဖြင့် ဖွဲ့စည်းထားသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နေရာအကန့်အသတ်ဖြင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ကယ်ဆယ်ရေးအဖွဲ့ကလည်း အပျက်အစီးရှင်းလင်းမှုကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ၊ ဓာတ်ပုံ– IMAGO/ Anadolu Agency**

# အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ၃၃ သန်းခန့် တန်ဖိုးရှိ လမ်းဖောက်ခြင်းအတွက် လက်မှတ်ရေးထိုး

**ကဘူးလ် ဖေဖော်ဝါရီ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနသည် အရှေ့ပိုင်း ဝါဒါခ်ပြည်နယ်အတွင်းရှိ ခရိုင်နှစ်ခုကို ဆက်သွယ်ပေးသည့် လမ်းဖောက်လုပ်ခြင်းအတွက် ပုဂ္ဂလိကကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်အတွင်း ချက်ခ်နှင့် ဒေးမစ် မီယာဒက်ခရိုင်ကို ချိတ်ဆက်ပေးမည့် ၆၀ ကီလိုမီတာရှိသည့် အဆိုပါလမ်းကို မကြာမီစတင်ဖောက်လုပ်ရန် ခန့်မှန်းထားကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အာရှာရက်ဖ် ဟက်ရှီနက်စ်က လူမှုကွန်ရက်မီဒီယာ X တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အာဖဂန်နီ ၂ ဒသမ ဝ၄ ဘီလီယံခန့် (အမေရိကန် ဒေါ်လာ ၃၃ သန်းခန့်) တန်ဖိုးရှိသော အဆိုပါစီမံကိန်းသည် ပြည်နယ်အတွင်းရှိ ခရိုင်များအကြား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို သိသိသာသာတိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁-၂-၂၀၂၆ ရက်နေ့မှ ၁၅-၂-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scent–roid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးဇုန်ဌာန၊ ကမာရွတ်မြို့နယ် | ကောင်းမွန် | | | | | |
| | ၃ | ကျောက်တံတားမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံ မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်း | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | ကောင်းမွန် | | | | ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | လက်ခံနိုင်သော | ကောင်းမွန် |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | ကျိုင်းတုံမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့် နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အောင်ဆန်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနမှ အခမဲ့စစ်ဆေး ကွင်းဆင်းကုသ



**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် နာတာရှည် အဆုတ်ရောဂါ စသည်ရောဂါအခံရှိသူများအား အောင်ဆန်း အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနမှ (Myanmar Anti-TB Association) (MATA) က အဖွဲ့ခေါင်းဆောင်ဒေါက်တာသန်းထူးကို ဦးဆောင်၍ ဗိုလ်တထောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ယမန်နေ့က အမှတ် ၁၀ ရပ်ကွက် ၄၆ လမ်း မြို့နယ် ကျန်းမာရေးဌာနရုံးတွင် သွေးတိုးဆီးချို လူနာများ၊ သက်ကြီးရွယ်အိုများ၊ တီဘီရောဂါသံသယရှိ လူနာများအား ဆီးချို သွေးချို စစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ တီဘီရောဂါ ရှိ၊ မရှိ ဓာတ်မှန်ရိုက်၍ ရှာဖွေစစ်ဆေးပေးခြင်း၊ ဆီးချိုသွေးချိုလူနာများအား ဆေးပေးခြင်း၊ တီဘီရောဂါ ရှိ၊ မရှိ အခမဲ့ဓာတ်မှန်ရိုက်ပေးခြင်း၊ အခမဲ့စစ်ဆေးပေးခြင်းနှင့် လိုအပ်သော ဆေးဝါးကုသမှုများ အခမဲ့ ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆေးကုသရာတွင် ဆီးချိုလူနာ ၄၈ ဦး၊ သွေးတိုးလူနာ ၃၀၊ အခြားလူနာ ၂၂ ဦး စုစုပေါင်းလူနာ ၁၀၀ အား စမ်းသပ်စစ်ဆေး ကုသပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်နှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

## စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့်စာဖတ်ခြင်းအကြောင်း အသိပညာပေးဆွေးနွေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်နှင့် စာဖတ်ခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းက လူငယ်နှင့် စာဖတ်ခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်နွေရည်ကိုက လူငယ်များ ဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် အနာဂတ်အတွက် အရေးပါသော အလေ့အထတစ်ခုဖြစ်စေရန် စာဖတ်ခြင်းသည် အရေးကြီးပုံ၊ စာဖတ်ခြင်းမှ အသိပညာ၊ အတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်းများ တိုးတက်စေရုံသာမကဘဲ ဘဝကို ဘက်ပေါင်းစုံမှ ပိုမိုနားလည်နိုင်စေရန်နှင့် စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်

**သာယာဝတီ ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် ပန်းချီရေးဆွဲနည်း အတတ်ပညာများကို အခြေခံမှစ၍ သိရှိကာ စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းတွင် သင်တန်းနည်းပြ အထက (သုံးဆယ်)ကျောင်းမှ အထက်တန်းပြဆရာကြီး ဦးလှဦးက အခြေခံပန်းချီ ရေးဆွဲနည်းကို အခြေခံမှစတင်ကာ စာတွေ့ လက်တွေ့ သင်ကြားပေးသည်။

သင်တန်းသို့ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ အား ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြော

**ထန်းတပင် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် ငှက်ဖျားရောဂါကူးစက်မှု မရှိစေရေးအတွက် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဌာနမှ ဦးဖုန်းမြင့်ကျော်က ငှက်ဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး၊ ငှက်ဖျားရောဂါ ကင်းဝေးစေရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးပြောကြားပြီး ကျေးရွာရှစ်ရွာအတွက် ဆေးစိမ်ခြင်ထောင် အလုံး ၃၅၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**လားရှိုး ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အွန်လိုင်းစနစ်ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံး ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအပါအဝင် အခြားသောအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသစ်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ရှောင်ရှားသင့်သည့် နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပေါ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ မီးငြိမ်းပြီးပါက ပြုလုပ်သင့်သည့် အချက်များနှင့် မီးလောင်မှုဖြစ်ပွားတတ်သည့်ပုံစံများအလိုက် မီးငြိမ်းသတ်သည့် နည်းလမ်းများ စသည့်အကြောင်းအရာများကို အများပြည်သူ သိရှိစေရေး အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**



## လွိုင်လင်မြို့နယ် နောင်ဟူး(အမက) ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**လွိုင်လင် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် နောင်ဟူးကျေးရွာ (အမက) ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဦးစွာ တစ်ထပ်ကျောင်းဆောင်သစ်ကို လွိုင်လင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားသည်။ ထို့နောက် နောင်ဟူးကျေးရွာ ရပ်မိရပ်ဖ ဦးလုံးစံယို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ နောင်ဟူးကျေးရွာ RCC တစ်ထပ်စာသင်ဆောင်သစ်ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅၂ ဒသမ ၆၄၈ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**လွိုင်လင်မိုး**



## ကျိုင်းတုံမြို့နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနမှ ကျိုင်းတုံမြို့နယ် ပန်လီ - ဘူရှီး - တာချီလိတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ပုံခိတ်ကျေးရွာ ကုန်ထုတ်လမ်းနှင့် ရေထုတ်ပြွန်များ ဆောင်ရွက်နေမှု၊ ပုံခိတ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း တည်ဆောက်နေမှု၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မိုင်းလပ်ကျေးရွာအုပ်စု နမ့်လပ်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကတ်ဖကျေးရွာအုပ်စု ဝမ်ဆိုင်း-ဝမ်ပုတ်ကောင်ကျေးရွာ မြေသားလမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုတို့ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ဇလွန် ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၌ ကိန်းဝပ်စံပယ်တော်မူသော မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးသည် သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တိုင် ရင်ငွေ့တော်ပေးအပ်ခဲ့သည့် သမိုင်းဝင်တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည်နှင့်အညီ ဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဟသ်ာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့၏ ညွှန်ကြားမှု၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဗုဒ္ဓပူဇနိယပွဲတော်ကို အကြိုတရားပွဲ၊ နေ့စဉ် ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်မှုများ၊ ဆွမ်းဆန်စိမ်းလောင်းလှူရေးနှင့် ဆွမ်းလုံးကြီးလောင်းလှူခြင်းများ၊ ဇာတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ နေ့စဉ်ကြည့်ချင်ပွဲများ၊ ဗလာပွဲများ ပါဝင်မည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း လုံခြုံရေး၊ မီးဘေးကာကွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)

# စစ်ကိုင်းစက်မှုဇုန်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စက်မှုဇုန်ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ လုပ်ငန်းရှင်နှင့် စက်မှုဇုန်ရပ်ကွက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းစက်မှုဇုန်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က စက်ရုံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး စက်ရုံများမှ သင်တန်းသား သင်တန်းသူ ၁၈ ဦး တက်ရောက်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက စာပေချစ်သူများအသင်း( Book Club) အသင်းမှ စာရေးဆရာဒေါက်တာမောင်မောင်ရေးသားသည့် ပြည်သူ့ဝန်ထမ်းသားသမီးများသို့ စာအုပ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ခင်မာလာအောင်က လူငယ်များ စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတများရရှိစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေချစ်သူများအသင်း(BookClub)နာယက အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးသောင်းစိန်က ကံသည်အလုပ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေချစ်သူများအသင်း( Book Club)အဖွဲ့ဝင် ဦးမြင့်ဆွေက ချီးကျူးဆုံးမသတိပေးစကား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာပေချစ်သူများအသင်း (Book Club) နာယကအငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်တိုးက အကျိုးဖြစ်စေသောစကား ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည့် စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ငါးသိုင်းချောင်း (ပြန်/ဆက်)**

# အမက(ကျားကိုက်ချောင်း) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျားကိုက်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ အဖွဲ့ဝင် ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင် ဦးတင်မောင်၊ စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးနှင့် ငွေဝင့်ထည်ကုမ္ပဏီမှ ဦးမောင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ အခမ်းအနားကို မြန်မာ့ကျောင်းသီချင်း သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းလှိုင်က ဝမ်းမြောက်စကား ပြောကြားပြီး ကျောင်းအကျိုးဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက အကများဖြင့် ဖျော်ဖြေကပြခဲ့ကြသည်။



အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အာရ်စီ တစ်ထပ်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၂၉ ဒသမ ၀၄၁ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေး

**ငဖဲ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ခွေးရူးရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းနှင့် မြို့နယ်စာအုပ်စာပေ ချစ်မြတ်နိုးသူအသင်း (Book Club)အဖွဲ့ဝင်ဒေါ်ငယ်ငယ်ထွေး တို့က ခွေးရူးရောဂါသည် မပေါ့ဆသင့်သည့်ရောဂါအမျိုးအစားတစ်ခုဖြစ်၍ ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူပေါင်း ၅၉၀၀၀ ခန့် သေဆုံးလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်နေသည့် တိရစ္ဆာန်မှ လူကိုကူးစက်သေဆုံးစေတတ်သည့် Zoonosis ရောဂါတစ်ခုအဖြစ် တည်ရှိနေကြောင်း၊ ခွေးရူးအကိုက်ခံရပါက ၁၀၀ ရာခိုင်နှုန်းပြည့် သေဆုံးနိုင်ဖွယ်အခြေအနေရှိသည့်အကြောင်းနှင့် ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**



# မြိတ်မြို့၌ မီးဘေးလုံခြုံရေးပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**မြိတ် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် (191)စတေကာများ ကပ်နှိပ်ခြင်းကို မြိတ်မြို့ ခရိုင်မီးသတ်စခန်းအရှေ့၊ ဆိပ်ငယ်ဈေး၊ ရေဆင်းတံတားနှင့် ရေဆိပ်တို့တွင် ဖေဖော်ဝါရီ ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကျောက်ဆည်မြို့နယ်၌ ဆောင်းကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ဝန်းကျေးရွာ၌ ဆောင်းကုလားပဲ ၁၅၅ ဧက စိုက်ပျိုးထားကြောင်း သိရှိရပြီး တောင်သူဦးမြင့်မိုး၏ ဆောင်းကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ညောင်ဝန်းကျေးရွာ၌ ဆောင်းကုလားပဲများ အပြင် ကြက်သွန်နီ ဧက ၃၀၊ ပဲကြီး ခုနစ်ဧက၊ အခြားပဲ ၁၉၅ ဧက၊ ဖူးစားပြောင်း ၁၀ ဧက၊ နေကြာ ၂၀၃ ဧက၊ ဟင်းသီးဟင်းရွက် ၃၅ ဧက၊ ကွဲနွားစာ ၂၅ ဧက စိုက်ပျိုးထားကြောင်း သိရှိရပြီး ဆောင်းကုလားပဲများကို အပင်ပေါက်သေချာစေရန်အတွက် မြေအစိုဓာတ်ရှိချိန်တွင် စနစ်တကျ မြေပြုပြင်စိုက်ကြောင်းနှင့် လိုအပ်သည့်အချိန်၌ အပွင့်အသီးတင်ဆေးများ၊ ပိုးမွှားကာကွယ်နှိမ်နင်းဆေးများ အသုံးပြု၍ စိုက်ပျိုးထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဆောင်းကုလားပဲ ၃၈၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရပြီး ကုလားပဲစိုက်တောင်သူများအနေဖြင့် ရေဆင်း(၆)၊ ရေဆင်း(၁၂)၊ ကုလားပဲအနီမျိုးများနှင့် ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၃) ကုလားပဲအဖြူမျိုးများ အဓိကစိုက်ပျိုးကြပြီး ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုအပ်သည့် နည်းပညာများ ကူညီပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## တာမွေမြို့နယ်ရှိ မီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများပေးအပ်

**တာမွေ ဖေဖော်ဝါရီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် မတ္တာညွှန့်ရပ်ကွက် စက်မှု(၄)လမ်းရှိ ယာယီတည်းခိုစခန်း ဖွင့်လှစ်ထားသော သုဓမ္မကာရီဓမ္မာရုံ၌ တာမွေမြို့နယ်ရှိမီးဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ပွဲ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကား ပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်မီမီထွန်းတို့က မီးဘေးသင့်အိမ်ထောင်စု ၁၂ စုအတွက် ငွေကျပ် ၈၀၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ ငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ ဆန်ရိက္ခာများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မီးဘေးသင့်အိမ်ထောင်စု ၁၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် နှစ်သောင်းနှုန်းစီဖြင့် စုစုပေါင်းငွေကျပ် နှစ်သိန်းလေးသောင်းအား မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၁၉**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် ဆော်သြခြင်းများ လှည့်လည်ဆောင်ရွက်ခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်ရာတွင် နေအိမ်တိုင်း၌ မီးချိတ်မီးကပ်၊ သဲ၊ လှေကား၊ ရေနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိရန်၊ မီးဖိုမီးကို အန္တရာယ်ကင်းရှင်းစွာဖြင့် သတ်မှတ်ချိန်အတွင်း စနစ်တကျ အသုံးပြုရန်နှင့် မီးကြွင်းမီးကျန်များကို သေချာစွာ ငြိမ်းသတ်ရန်၊ လျှပ်စစ်ပစ္စည်းများ၊ ဂတ်စ်မီးဖိုများနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများနှင့်ပတ်သက်၍ မီးဘေးလုံခြုံရေးဆိုင်ရာ အချက်များကို လိုက်နာဆောင်ရွက်ကြရန် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်နှင့် တပ်ဖွဲ့ဝင်များက လှည့်လည်အသိပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မအူပင်ခရိုင်၌ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**မအူပင် ဖေဖော်ဝါရီ ၁၉**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအာကာဦးက လူငယ်လူရွယ်များ နွေရာသီအားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး သင်တန်းဆရာကြီး ဦးဘိုထွေး (ပညာရေး-ငြိမ်း)က သင်ကြားမည့် ဘာသာရပ်များနှင့် သင်တန်းအား ရက်ပျက်မရှိ စိတ်ပါဝင်စားစွာ တက်ရောက်ကြစေရန် ရှင်းလင်းပြောကြားသည်။



အဆိုပါ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာန၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**တောင်ငူ ဖေဖော်ဝါရီ ၁၉**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ သတိပြုဆင်ခြင်ဖွယ် မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်ယဉ်ယဉ်အေးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုသန့်တို့က မီးခိုးမြူငွေ့ညစ်ညမ်းမှု၏ အဓိပ္ပာယ်၊ လေထုအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လာပုံ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု၏ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ကာကွယ်နိုင်မည့်နည်းလမ်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချနိုင်ရေး ဆောင်ရွက်ရမည့်အချက်များနှင့် မီးခိုးမြူငွေ့မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ ဆိတ်မွေးမြူရေးလုပ်ငန်းများ အဆင်ပြေ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသည့် ဆိတ်မွေးမြူရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ပြီး ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ရန်ပုံငွေဖြင့် ကျပ်သိန်း ၃၀၀ အား ဆည်ကုန်းကျေးရွာမှ ဒေသခံပြည်သူများအား ထုတ်ချေးပေးခဲ့ပြီး အဆိုပါ စီမံကိန်းရန်ပုံငွေဖြင့် ဒေသခံပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ၎င်းလုပ်ငန်းများအနက် စီမံကိန်းရန်ပုံငွေဖြင့် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆိတ်မွေးမြူရေးလုပ်ငန်းမှာ နှစ်စဉ်ဆိတ်ကောင်ရေ တိုးပွားလာလျက်ရှိသည်။



အဆိုပါဆိတ်များ တိုးပွားလာသောကြောင့် မိသားစုစားဝတ်နေရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ပေါင်မြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြော

**ပေါင် ဖေဖော်ဝါရီ ၁၉**



မွန်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော တိုင်းရင်းသားရေးရာ အသိပညာပေး ဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံကကျေးရွာ ကျုံကတိုက်ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းဆိုင်ရာ အသိပညာကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ လူမျိုးပြုန်းတီးမှုတားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာ သဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် အသိပညာပေးခြင်းတို့ကို လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားသည့် ဆရာ ဆရာမ ခန့်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ သထုံခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူးက အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ လူငယ်ရေးရာမူဝါဒ၊ လူမှုရေးပင်စင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိက နိုင်ငံသားအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အမည်ရှေ့တွင် ဝိသေသရှေ့ဆောင်စကားလုံးများ ပါဝင်ရေးသွင်းနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိက ရေချိုသယံဇာတများ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် စစ်တမ်းနမူနာပုံစံကိုရှင်းလင်းပြောကြား၍ စစ်တမ်းကောက်ယူရာ တက်ရောက်လာသည့် ဒေသခံပြည်သူ ၆၀ က စစ်တမ်းမေးခွန်း ၂၄ ခုကို ဖြေဆိုခဲ့သည်။ **မွန်မလေး(ပြန်/ဆက်)**

# (၉၇) ကြိမ်မြောက် အတုလဗုဒ္ဓမဟာ စွယ်တော်မြတ် ဗုဒ္ဓပူဇနိယဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဝါးခယ်မ ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့၏ ကျက်သရေဆောင် (၉၇) ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှစကာ ရှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ပြီး သစ်ကနက်စစ်နတ်သစ်ရုပ်ပွားတော် အရှင်သူမြတ်၊ ဗမ္ပတိရုပ်ပွားတော် အရှင်သူမြတ်နှင့် အတုလဗုဒ္ဓမဟာစွယ်တော်မြတ်တို့သည် ဂန္ဓကုဋိတိုက်တော်မှ ယာယီ အပူဇော်ခံမည့် ရွှေကျောင်းတော်ပေါ်သို့ ရှစ်ရက်ကြာ ပင့်ဆောင်အပူဇော်ခံမည်ဖြစ်သည်။

အဆိုပါ ကျုံမငေးမြို့၏ ကျက်သရေဆောင် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၄ ရက်အထိ ကျင်းပပြီး တရားပွဲများ၊ ဓာတ်သဘင်များ၊ ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပကာ အနယ်အနယ်အရပ်ရပ်မှ ဘုရားဖူးများက ကား၊ ဆိုင်ကယ်၊ စက်လှေများဖြင့် လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။ **လွမ်းသီဟ(ပြန်/ဆက်)**



# တာလေမြို့၌ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကျင်းပ

**တာလေ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ



ရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအား ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ယနေ့နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကိုကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# မော်လိုက်မြို့၌ တန်ဖိုးမြင့်စားသောက်ကုန် Snackအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**မော်လိုက် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ တန်ဖိုးမြင့်စားသောက်ကုန် Snack အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးလမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်ကြားမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက သင်တန်းသူတစ်ဦးအား ကုန်ကြမ်းပစ္စည်းများကို ပေးအပ်သည်။

အဆိုသင်တန်းတွင် ရေခဲမုန့်၊ ကြက်သွန်ပေါင်းကြော်၊ ထောပတ်ပေါက်ပေါက်၊ ချောကလက်ပေါက်ပေါက် စသည့် Snack အမျိုးအစား ၁၀ မျိုး ထုတ်လုပ်မှုနည်းပညာများကို သင်တန်းသား သင်တန်းသူ ၂၀ တို့အား ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**

# နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်း

**တောင်ငူ ဖေဖော်ဝါရီ ၁၉**

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ကျောင်းသား ကျောင်းသူများက ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်ကြသည်။

ထိုသို့စုပေါင်းသွေးလှူဒါန်းရာတွင် နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က ကြီးကြပ်၍ မြို့ပြအင်ဂျင်နီယာဌာန ဒေါက်တာဒေါ်အေးအေးမာနှင့် တွဲဖက်ပါမောက္ခ ဒေါ်လဲ့လဲ့ဝင်း ဦးဆောင်ကာ ကျောင်းသား ကျောင်းသူ ၅၀ ခန့်က စုပေါင်းသွေးလှူဒါန်းကြသည်။ အဆိုပါ စုပေါင်းသွေးလှူဒါန်းကြသော ကျောင်းသား ကျောင်းသူများအား နည်းပညာတက္ကသိုလ် (တောင်ငူ) သွေးအလှူရှင်အသင်းက အာဟာရစားသောက်ဖွယ်ရာများနှင့်



ကျန်းမာရေးအားဆေးများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လုပ်ငန်းအမည်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

FAMILY MYAT TAW WIN COMPANY LIMITED ၏ လွှဲအပ်ခြင်းခံရသူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃ x ၃၄လမ်းကြား၊ ၆၈ x ၆၉ လမ်းကြားတွင် နေထိုင်သူ ဒေါ်ခိုင်ခိုင်စိုး (ဘ) ဦးစိုးမြင့် ၉/မရမ(နိုင်)၀၃၃၈၈၆ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်-

RD (၂၅၀၉/၂၀၂၅)

အထက်တွင်ဖော်ပြထားသော " **MYAT TAW WIN မြတ်တော်ဝင်** " အမည်ဖြင့် **ဆေးရုံဝန်ဆောင်မှုလုပ်ငန်း**စဉ်များဖြစ်ကြသော ရောဂါရှာဖွေစစ်ဆေးခြင်း၊ ကုသမှုပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း အစရှိသည့် ဆေးရုံဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးကို တောင်ကြီးမြို့၊ အေးသာယာမြို့နှင့် ကလောမြို့များတွင် လုပ်ကိုင်လျက်ရှိပြီး မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် - ၂၅၀၉/၂၀၂၅ ဖြင့် ယင်းလုပ်ငန်းအမည်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းထားရှိပါသည်။ အဆိုပါ လုပ်ငန်းအမည် အမှတ်တံဆိပ်ဖြင့် ဆေးရုံဝန်ဆောင်မှုလုပ်ငန်းများတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မှ အသုံးပြုလျက်ရှိသော ဖော်ပြပါ " **MYAT TAW WIN မြတ်တော်ဝင်** " အမည်ဖြင့် **ဆေးရုံဝန်ဆောင်မှုလုပ်ငန်း** အမည်အမှတ်တံဆိပ်ကို မိမိမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်ပုံစံမျိုးဖြင့်မဆို မှိုင်းမြင်တုပပြုလုပ် သုံးစွဲနေသည်များကို တွေ့မြင် သိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ကြေးငွေများအတွက် တောင်းခံနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးကျော်ဖြိုးဦး (LL.M)** | **ဒေါ်သက်သက်ခိုင် (LL.B)** |
| **(စဉ်- ၁၃၄၈၃)** | **(စဉ်- ၁၃၁၆၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ချစ်သဲဝေ (LL.B) အထက်တန်းရှေ့နေ**
**(စဉ်-၅၄၄၂၇)**
**အကွက် (၈-၂)၊ လမ်း ၆၀၊ မနော်ဟရီလမ်း x စိန်ပန်းလမ်းကြား၊**
**မြို့သစ် (၄) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း- ၀၉-၂၀၅၄၂၉၆၊ ၀၉-၉၇၄၆၉၆၆၆၀**

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၂၁)၊ အကွက်အမည်-ညောင်ရွှေဟော်ကုန်းရပ်၊ ဦးပိုင်အမှတ် (၉၅-ဃ)၊ မြေကွက်အမှတ် (၁၄၁)၊ ဧရိယာ (၀ ဒသမ ၇၂)ဧက၊ ဂရန်အမှတ်တွဲ အမှတ်-၁၄၁/၂၀၁၉ အရ နှစ် (၃၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်သူဖြစ်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမြစိန် ၁၃/ဟပန(နိုင်) ၀၀၂၇၁၆ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ နယ်မြေ (၁၀)၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၁၁၁) နေသူသာလျှင် အထက်ပါအကျိုးခံစားခွင့်အားလုံးတို့နှင့်ပတ်သက်၍ပိုင်ရှင်ဖြစ်ကြောင်းနှင့် လိုအပ်သလိုစီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းမြစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နော်အယ်ဆဲကပေါ် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၁၈)**
**အမှတ် (၁၀) ရပ်ကွက်၊ ကလောမြို့**
**ဖုန်း- ၀၉-၄၂၈၃၇၀၁၈၀**

## အသိပေးအကြောင်းကြားခြင်း

တောင်ကြီးမြို့၊ အကွက်အမှတ်နှင့်အမည်- ၉/အစိုးရရပ်၊ ဦးပိုင်အမှတ်နှင့်ခုနှစ် (၂၁/၁၉၈၆-၈၇)၊ ဧရိယာ (၁ ဒသမ ၉၇၃) ဧက၊ ဦးမောင်မောင်ထွဋ် ၁၂/ကမရ(နိုင်)၀၀၃၉၆၀ အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေကွက်မှ ဧရိယာ (၀ ဒသမ ၁၉၈) ဧကကို ဦးမောင်မောင်ညွှန့် ၁၃/ညရန(နိုင်)၀၅၇၃၄၀ မှ ဦးမောင်မောင်ထွဋ်ထံက ၁၅-၁၀-၁၉၈၇ ရက်တွင် ဝယ်ယူခဲ့ပါသည်။ ယနေ့အထိ ရောင်းချသူမှ ဝယ်ယူသူအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးခဲ့ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးပါရန်၊ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမောင်မောင်ထွဋ်သို့ အသိပေး အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမောင်မောင်ညွှန့်** | **ဒေါ်တင်မာရီ (LL.B)** |
| **၁၃/ညရန(နိုင်)၀၅၇၃၄၀** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၁၃)** |

**ပ/၁၅၆ (A)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၇၉၆၈၄၃၀၇၀**

## အသိပေးအကြောင်းကြားခြင်း

တောင်ကြီးမြို့၊ အကွက်အမှတ်နှင့်အမည်- ၉/အစိုးရရပ်၊ ဦးပိုင်အမှတ်နှင့်ခုနှစ် (၂၁/၁၉၈၆-၈၇)၊ ဧရိယာ (၁ ဒသမ ၉၇၃) ဧက၊ ဦးမောင်မောင်ထွဋ် ၁၂/ကမရ(နိုင်)၀၀၃၉၆၀ အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေကွက်မှ ဧရိယာ (၀ ဒသမ ၁၉၅) ဧကကို ဦးစန်းလွင် ၁၃/တကန(နိုင်)၀၁၃၄၇၃ မှ ဦးမောင်မောင်ထွဋ်ထံက ၁၅-၁၀-၁၉၈၇ ရက်တွင် ဝယ်ယူခဲ့ပါသည်။ ယနေ့အထိ ရောင်းချသူမှ ဝယ်ယူသူအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးပါရန်၊ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမောင်မောင်ထွဋ်သို့ အသိပေး အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစန်းလွင်** | **ဒေါ်တင်မာရီ (LL.B)** |
| **၁၃/တကန(နိုင်)၀၁၃၄၇၃** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၁၃)** |

**ပ/၁၅၆ (A)၊ ကြံ့ခိုင်ရေးလမ်း၊**
**ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၇၉၆၈၄၃၀၇၀**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၅ နှင့် ဆက်နွယ်သည့်
## ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃

| | | |
|---|---|---|
| ဦးရဲအောင်မြင့် | နှင့် | ၁။ ဒေါ်ဝိတိုရီးယား |
| | | ၂။ ဒေါ်မာတီးနား |
| | | ၃။ ဒေါ်အယ်နီမာ |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ယူဂိုဇလပ်၊ အိမ်အမှတ်(၃၄၆) နေ (၁) တရားရှုံး ဒေါ်ဝိတိုရီးယား (၂) တရားရှုံး ဒေါ်မာတီးနား (၃) တရားရှုံး ဒေါ်အယ်နီမာ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးရဲအောင်မြင့် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၆ ) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာရှိန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်၊ ကွင်းအမှတ် (၂၀၆၈)၊ လေးရွာကွင်း၊ မြေကွက်အမှတ် (၄၅/၂၀၂)၊ မြေဧရိယာ (၀ ဒသမ ၁၀၀) ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်ဇင်မာဝင်း ၉/ကပတ(နိုင်)၁၄၁၁၄၃ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၄၇၄

| | | |
|---|---|---|
| ၁။ ဦးကြူဇင် | **နှင့်** | ၁။ ဒေါ်ခင်သန္တာထွန်း(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးဥာဏ်စိုးဟိန်း) |
| ၂။ ဦးနန္ဒ | | ၂။ ကိုဒိန်းဒေါင် (ခ) ဖြိုးလေး |
| ၃။ ဦးရဲကို | | ၃။ မဇာဇာထွန်း |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

လျှောက်ထားခံရသူ ၁။ ဒေါ်ခင်သန္တာထွန်း (ဘ) ဦးမွေ့ဖုနော် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးဥာဏ်စိုးဟိန်း) အမှတ် (၈၈-၁၀/၂၈)၊ ၁၀၇ (A) လမ်း၊ ၅၀ - ၅၁ လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ၂။ ကိုဒိန်းဒေါင် (ခ) ဖြိုးလေး (ဘ) ဦးပေါက်စ (၃၈) လမ်း၊ (၇၂-၇၃) လမ်းကြား၊ ကံလှရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ၃။ မဇာဇာထွန်း (ဘ) ဦးစိုးတင့် (၃၈) လမ်း၊ (၇၂-၇၃) လမ်းကြား၊ ကံလှရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာများမသိ) သိစေရမည်။

အထက်အမည်ပါ ဦးကြူဇင်ပါ ၃ က ဤရုံးသို့ မဟာအောင်မြေခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၁/၂၀၂၃ ၏ ၁၉-၈-၂၀၂၅ ရက်စွဲ ဒီကရီအပေါ် ပြင်ဆင်မှု တင်သွင်းလျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်သားမြို့နယ်၊ ကံဆွယ်ကျေးရွာအုပ်စု၊ မြင်းရွာလေးကျေးရွာနေ ဦးမောင်သန်း-ဒေါ်ခင်သန်းဝေ တို့၏သား မောင်မြတ်မင်းသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်မြတ်မင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်သန်း - ဒေါ်ခင်သန်းဝေ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အမှတ် (၅) နယ် ဦးကျော်ဆွေ-ဒေါ်သန်းနွဲ့ တို့၏သားလတ် မောင်ရဲထက်ကျော် ၉/မတရ(နိုင်)၁၃၃၇၈၉ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင် ဦးကျော်ဆွေ - မိခင် ဒေါ်သန်းနွဲ့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ကျောက်ဆည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၀

| | | |
|---|---|---|
| ဦးခင်အောင် | **နှင့်** | ဦးဝင်းကိုကို |
| **(တရားလို)** | | **(တရားပြိုင်)** |

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဘီးတန်းတောင်ပိုင်း၊ အိမ်အမှတ် (၁၁၈)နေ ဦးဝင်းကိုကို (ဘ)ဦးဝင်းမော် (ယခုနေရပ်လိပ်စာမသိသူ) သူအား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်အောင်က အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာမျိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## မစုစုဝင်းနှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့ ၊ ရေအေးကွင်းရပ်ကွက်၊ ပတ္တမြားလမ်း၊ အိမ်အမှတ် (၁၄၈) တွင် နေထိုင်ကြသူများဖြစ်သည့် ဦးကျော်ကျော်ဝင်း ၁၂/သကတ(နိုင်)၀၂၃၆၉၆ ကိုင်ဆောင်သူနှင့် ဒေါ်ကေသီအောင် ၁၂/မဂဒ(နိုင်)၀၀၀၀၈၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း မစုစုဝင်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဒေါ်ကေသီအောင်တို့သည် မစုစုဝင်းကို ငယ်စဉ်ကတည်းက ခေါ်ယူကာ ကျွေးမွေးပြုစုစောင့်ရှောက် ပညာသင်ကြားပေးခဲ့ကြပါသည်။ ယခုအခါ မစုစုဝင်းသည် အုပ်ထိန်းသူများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဒေါ်ကေသီအောင် တို့၏ ဆိုဆုံးမစကားများကို လိုက်နာခြင်းမရှိသည့်အပြင် မိမိသဘောဖြင့် မိမိနေအိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ ထိုကြောင့် ယနေ့မှစ၍ မစုစုဝင်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးကိစ္စအဝဝတို့သည် ကျွန်ုပ်မိတ်ဆွေများနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် မစုစုဝင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း မစုစုဝင်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဝင်းနှင့် ဒေါ်ကေသီအောင် တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၈၈၀/၃၁-၅-၁၆)**
**အမှတ် (၂၄၅)၊ သုခလမ်း၊ နယ်မြေ (၇) စဝ်စံထွန်းရပ်ကွက်၊**
**တောင်ကြီးမြို့**
**ဖုန်း- ၀၉-၄၂၈၃၁၁၀၄၀**

## အများသိစေရန် ကြေညာခြင်း

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/1806 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဦး ၁၂/အစန(နိုင်)၁၈၀၉၆၇ နှင့် ဒေါ်လဲ့လဲ့ထွန်း ၁၂/ဒဂန(နိုင်)၀၃၀၁၂၂ တို့သည် ၈-၂-၂၀၂၆ ရက်တွင် နှစ်ဖက်သော အသိသက်သေလူကြီးမင်းများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ဝန်ခံကတိစာချုပ်အရ တရားဝင် ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းဦး ၁၂/အစန(နိုင်)၁၈၀၉၆၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးရဲအောင်နိုင်ထူး LL.B (စဉ်–၁၈၈၀၃) | ဒေါ်ပြုံးပိုပို LL.B (စဉ်–၅၄၁၆၈) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**ဖုန်း– ၀၉–၇၉၁၆၈၆၃၃၄၊ ၀၉–၄၅၀၀၄၅၁၈၇**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ပုဂံကျေးရွာနေ ကျွန်တော် ဦးတင်လှ ၇/ဝမန(နိုင်)၀၉၁၈၆၇၊ ကျွန်မ ဒေါ်စန်းဝင်း ၇/ဝမန(နိုင်)၁၂၆၂၆၈ တို့၏သမီး မသင်းသင်းစိုး ၇/ဝမန(နိုင်)၁၈၆၄၀၂ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအားစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးတင်လှ – ဒေါ်စန်းဝင်း**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၄၇)၊ (နန်းသြမြောက်ကွင်း)၊ ဦးပိုင်အမှတ်(၅၁/၁)ရှိ “စက်သုံးဆီ အရောင်းဆိုင်မြေနေရာအဖြစ် အသုံးပြုရန်အတွက် နေပြည်တော်ကောင်စီမှ (၁၉–၁၁–၂၀၁၃) ရက်စွဲပါ စာအမှတ် ၂/၂–၂၈/ဦး ၁(၅၁၆၉) ဖြင့် လယ–၃၀(ခ) ခွင့်ပြုမိန့်ရရှိပြီးသော မြေဧရိယာ (၁ ဒသမ ၀၀) ဧကအား စက်မှု/ စီးပွားမြေငှားဂရန် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးသက်လွင် (ဘ) ဦးစိန်မောင် ၇/ဝမန(နိုင်)၁၀၅၈၃၂ မှ လျှောက်ထားမှုနှင့်ပတ်သက်၍ ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း လာရောက်ကန့်ကွက်လာမှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**ဇေယျာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ၊ အောင်မေတ္တာရပ်ကွက် (က) အုပ်စု၊ (၅) လမ်း၊ ဦးပိုင်/မြေကွက်အမှတ် (၈၆၈/၁၆) ဧရိယာ၏ မြောက်ဘက်ခြမ်း (၃၂ ဒသမ ၅ x ၈၅ )ပေရှိ ဦးပိုင်အမည် ဒေါ်ပိုရင် အမည်ပြောင်း ဦးမျိုးမြင့်လှ ၈/မဘန(နိုင်)၀၀၄၁၅၁ နှင့် ဇနီး ဒေါ်စမ်းစမ်းအေး ၇/တဝန(နိုင်)၀၆၄၇၃၁ အမည်ပေါက် မြေကွက်အား ဦးအောင်ကိုမင်း ၈/မဘန(နိုင်)၁၀၇၉၆၄၊ (၁၃) လမ်း၊ အောင်မေတ္တာ (ဂ) ရပ်ကွက်၊ မကွေးမြို့ နေထိုင်သူအနေဖြင့် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းစာရွက်စာတမ်းများ ခိုင်လုံပြည့်စုံစွာဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကိုမင်း**
**အမှတ် ၁၃၂၊ အောင်မေတ္တာ (ဂ)၊ ၁၃ လမ်း၊ မကွေးမြို့**
**ဖုန်း-၀၉-၇၉၅၀၀၈၇၁၁**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ် (၃၁၀)၊ ဧရိယာ (၀ ဒသမ ၆၇၉)ဧကအား အမည်ပေါက် ဦးခင်သောင်း (ဘ) ဦးကျော်စိန် ၁၂/တမန(နိုင်)၀၃၄၈၂၂ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ် (၃၁၈)၊ ဧရိယာ ၀ ဒသမ ၂၀၁ ဧကအား အမည်ပေါက် ဒေါ်ခင်ဖြူဖြူကြည် (ဘ) ဦးခင်သောင်း ၁၂/တမန(နိုင်)၁၀၂၉၆၅ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂–I)၊ မြေကွက်အမှတ် ( V–၁၃၉ )၊ မြေဧရိယာ (၀ ဒသမ ၀၃၄) ဧက၊ ( အလျား ၃၀' x အနံ ၅၀' )ပေရှိ ဦးတိတ်ဟုန်၊ ဦးမောင်အေး၊ ဦးတိတ်စွမ်း၊ ဦးကြည်ရှိန်၊ ဦးလူလူသွင်တို့ (၅) ဦး အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၃) လမ်း၊ အမှတ် (၁၁၇) ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး”၏ အမည်ပေါက် ပိုင်ရှင်များဖြစ်ကြသော ဦးတိတ်ဟုန် ၁၂/လသန(နိုင်)၀၀၆၄၉၁၊ ဦးမောင်အေး ၇/ဇကန(နိုင်)၀၀၈၀၀၀)၊ ဦးတိတ်စွမ်း ၁၂/မဂတ(နိုင်)၀၄၂၀၉၄၊ ဦးကြည်ရှိန် ၁၂/မဂတ(နိုင်)၀၄၂၀၉၅ )၊ ဦးလူလူသွင် ၁၂/မဂတ(နိုင်)၀၇၆၆၅၃ တို့ (၅) ဦးမှ မိမိတို့အနေဖြင့် အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံအား တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်းနိုင် ၁၂/တမန(နိုင်)၀၀၀၆၈၂ အား အရောင်းအဝယ်ပြုလုပ်ရန်အတွက် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆို၍ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ်စာတမ်း/စာရွက် စာတမ်းအထောက်အထား (မူရင်း)များအားယူဆောင်ကာ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးသီတာမော် (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ) (စဉ်–၈၄၂၉/၁၂ )**
**အမှတ် (၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၁၄၃၁၂၄၊ ၀၉–၅၁၀၄၈၂၂၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၂၀)ရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် ပင်မစတို(သမိုင်း) ဂိုဒေါင်ဝင်း မြေဧရိယာ (၁ ဒသမ ၉၄) ဧကနှင့် ဂိုဒေါင်(၁၁)လုံးအား တင်ဒါခေါ်ယူ ငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၂- ၂၀၂၆ ရက်(သောကြာနေ့)

၃။ **တင်ဒါပိတ်မည့်ရက်** - ၅-၃- ၂၀၂၆ ရက်(၁၅:၀၀)နာရီ

၄။ **တင်ဒါပေးသွင်းမည့်နေရာ** - ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၀၈၃၆၉၊ ၀၆၇-၃၄၀၈၂၁၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ မာလာလမ်း၊ အမှတ် (၈၄)နေ မခွန်းဆင့်ချို ၁၄/ဟသတ(နိုင်)၄၁၃၅၂၁ သည် အုပ်ထိန်းသူများဖြစ်သည့် ဦးမင်းသူ၊ ဒေါ်တိုးတိုးဝင်းတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲစေသည့် ကိစ္စရပ်များကို အကြိမ်ကြိမ် ပြုမူခဲ့ပါသည်။ အုပ်ထိန်းသူများမသိရှိဘဲ မိမိသဘောအလျောက် နေအိမ်မှ ထွက်ခွာသွားခဲ့ပြီး ၎င်းနှင့်အဆက်အသွယ်မရစေရန် ဖြတ်တောက်ထားခဲ့ပါသည်။ သည်းခံခွင့်လွှတ်မှုမရနိုင်အောင် ပြုမူခဲ့ပါသဖြင့် မခွန်းဆင့်ချိုနှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းကြေညာ အပ်ပါသည်။

**ဦးမင်းသူ၊ ဒေါ်တိုးတိုးဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်မို့မို့စံ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၃၀)**
**လိုင်စင်ရရှိသည့်ရက်စွဲ (၂၇-၆-၂၀၁၉)**
**အမှတ်(၁၃၈၆)၊ တက္ကသိုလ်လမ်း၊ မြဝတီရပ်ကွက်၊ ဟသ်ာတမြို့**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက (အေလာ)၊ Grade-12 မှ မောင်ဆလိုင်းလွင်မိုးအောင်၏ ဖခင်အမည်မှန်မှာ ဆလိုင်းကျော်လွင် ၉/လဝန (နိုင်)၂၀၂၀၀၇ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လဲဂွ ကျေးရွာနေ (ဘ) ဦးကျော်ငြိမ်း၏ သမီး မသီသီအေး ၉/ကပတ(နိုင်) ၂၉၈၀၆၈ ၏ နိုင်ငံကူးလက်မှတ် (MK 093113)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၃၈၇၃၈၂၅**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ (ဘ) ဦးကြည်သန်း၏ သမီး မသက်ဖူးဝေ ၇/ကဝန (နိုင်)၂၁၃၁၉၁ ၏ နိုင်ငံကူးလက်မှတ် (MI 667268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၂၄၈၀၈၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၇)လမ်း၊ တိုက်အမှတ်(၇၆၀/က)၊ (၁)ခန်းတည်း (၆)ထပ်တိုက် အဆောက်အအုံ၏ အခန်းအမှတ်-(ဒုတိယထပ်) (၃-လွှာ)၊ အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိသည့် တိုက်ခန်းနှင့်တကွ ယင်းနှင့်စပ်လျဉ်းသည့် ဥပဒေအရ ဆိုင်ရေးဆိုင်ခွင့်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲအပ်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဇော်ဇော် ၁၂/စခန(နိုင်)၀၀၆၇၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးနိုင် LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)**
**အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၂၉၀၇၈၁၊ ၀၉-၇၉၅၆၃၁၉၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အိမ်ရာအဆင့်(ကစ)၊ အိမ်ရာကွက်အမှတ်(၁၇)၊ အကျယ် အဝန်း(အလျား၄၀ ပေx အနံ ၆၀ ပေ)အကျယ်ရှိ ဗိုလ်ကြီးဇင်ဝင်းအမည်ပေါက်မြေကွက် နှင့် ယင်းမြေကွက် ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ထာဝရလမ်းသွယ်(၁)၊ အမှတ်(ကစ- ၁၇)ဟုခေါ်တွင်သည့် တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဝင်းသူရ ၁၂/လမတ(နိုင်)၀၀၀၃၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်နိုင် ၉/အမရ(နိုင်)၀၀၀၈၅၂၈က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာအောင် တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၅၂၇)**
**အမှတ် (၂၁)၊ ဥဩဖယားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉- ၄၂၁၀၁၁၅၀၇**

## အမည်ပြောင်း

(ဘ) ဦးကြာနူ၏သား ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)၊ နောင်လိတ် ရပ်နေ မောင်အောင်ကောင်းမြတ်အား မောင်လင်းခန့်ထူး ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းခန့်ထူး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအိုက်ရီ၏ သမီး ကျွန်မ နန်းအွေ့ကျောက် ၁၃/တခလ (နိုင်)၀၇၇၇၄၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၇၈၀၂၂၄၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဒေါ်မူချိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မူချိုဦး ၁၂/ဗဟန(နိုင်) ၀၀၃၁၀၀ သည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ ပုဗ္ဗသီရိမြောက်ရပ်) မြေကွက်အမှတ်(ပ-၃၃၈၀၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေခန့်၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ စတုရန်းပေ (၂၄၀၀) အကျယ်အဝန်းရှိ အိမ်ခြံမြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးအောင် ၅/ငဇန(နိုင်)၀၁၂၂၃၃ ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ၊ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် အတူ ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မူချိုဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချမ်းငြိမ့်ရွှေရည်ကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၈၂)**
**အမှတ်(၂၁၆၀၁၂)၊ ပိတောက်(၂)လမ်း၊ သုခဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း-၀၉-၄၄၁၅၆၆၂၆၇**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအိုက်ရီ၏ သမီး ကျွန်မ နန်းခမ်းလီး ၁၃/တခလ (နိုင်)၀၉၆၅၃၉ ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၉၁၆၁၉၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3S/4498 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စခန်း/ဂေဟာများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများသည် ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်)တွင် လျှောက်လွှာ တင်သွင်းနိုင်ပါသည် -

| စဉ် | ရာထူး(လစာနှုန်း) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၆ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ခ) | ယာဉ်မောင်း - ၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ယာဉ်မောင်းလိုင်စင် (ခ)ရရှိသူ |
| (ဂ) | စားဖိုမှူး - ၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၄ နေရာ | အခြေခံပညာ အထက်တန်းအဆင့် |
| (ဃ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာ မူလတန်းအဆင့် |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်၊

(ခ) (၃၁ - ၁ -၂၀၂၆) ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဃ) ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာ မိတ္တူပြသရမည်ဖြစ်ပြီး အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ပြစ်ဒဏ်(သို့မဟုတ်) ရာထူးမှထုတ်ပယ်ခြင်း (Removal) ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများ လျှောက်ထားရန် မလိုအပ်ပါ။

၃။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲကို နေပြည်တော်၌ (၁၂-၃-၂၀၂၆) ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုသွားရန်နှင့် ရေးဖြေစာမေးပွဲအောင်မြင်သူများကို (၁၃-၃-၂၀၂၆) ရက်တွင် လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်။

၄။ ယာဉ်မောင်း-၅ ရာထူး/ စားဖိုမှူး-၅ ရာထူးနှင့် အစောင့် ရာထူးနေရာများအတွက် (၁၃ - ၃ - ၂၀၂၆) ရက်တွင် လူတွေ့ စစ်ဆေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို (၆-၃-၂၀၂၆) ရက်နောက်ဆုံးထား၍ လက်ခံသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၃)တွင် (၉-၃-၂၀၂၆) ရက်မှ (၁၀-၃-၂၀၂၆) ရက်ထိ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ပြသ၍ လူကိုယ်တိုင် လာရောက်ထုတ်ယူရမည်။

၆။ အသေးစိတ်သိရှိလိုပါက ပြန်လည်ထူထောင်ရေးဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ်(၂၃)သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၃၄၀၄၅၉၅ ထံသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၄၉၊ နန္ဒဝန် (စက်မှုဇုန်))၊ ဦးပိုင်အမှတ် (၃၃-လမ်း(၉၄))၊ ဧရိယာ (၀ ဒသမ ၁၁၀) ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၃၆၁၆ /၁၉၉၄ - ၁၉၉၅ အရ (၂၈-၁၂-၁၉၉၄) မှ (၂၇-၁၂-၂၀၂၄) အထိ ဦးစိုးတင့် အမည်ဖြင့် နှစ်(၃၀)ရရှိခဲ့သော မြေငှား စာချုပ်အား ဒေါ်ခိုင်ချိုလွင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၆-၂-၂၀၂၆ ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/2880 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/74086 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/97023 Canda 110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/အနော်မာ)၊ အနော်မာ(၅)လမ်းအနောက်၊ မြေကွက်အမှတ်(၁၉၂)မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အအုံမှ (၆ လွှာ)၊ (အလျား ၁၈ ပေx အနံ ၅၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်များအား ရောင်းချသူ ဦးအောင်မြင့် ၆/မအရ(နိုင်)၀၈၈၂၈၀ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအာကာထွေး ၁၂/မဂတ(နိုင်)၁၀၄၀၅၀ မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် စရန်ငွေ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ (၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B, Diploma in Business Law**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၄၇၅)၊ ဇမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၇၉၉၆၁၁၃၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ်(သ-၁၆)၊ ဦးပိုင်အမှတ်(၄၅-က)၊ ဧရိယာ(၁၅ x ၄၀)ပေ အကျယ်အဝန်းရှိ ဦးခင်မောင်တင် အမည်ဖြင့် ချထားရရှိပိုင်ဆိုင်ထားသော မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း တောင်မြောက်(၁၅)ပေနှင့် အရှေ့အနောက်(၂၀)ပေ၊ ဦးပိုင်(၄၅- ခ)၊ ဧရိယာ (၁၅ x ၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း တောင်မြောက်(၁၅)ပေ၊ အရှေ့အနောက် (၂၀)ပေ၊ စုစုပေါင်းဧရိယာ အရှေ့အနောက်(၂၀)ပေ၊ တောင်မြောက်(၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဝယ်ယူပိုင်ဆိုင်ထား ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်တော့မည်ဖြစ်ပါသောကြောင့် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆောက်အအုံဆောက်လုပ်မည့်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**B.Sc (Chem), PGDL, DBL., DIR, DIL,**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၆၂) (၇-၇-၂၀၂၅)**
**အခန်းအမှတ် (၀၀၁)၊ မမ-၁၆-တို က် - ၆၊ ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၆၇၉၅၉၇၊ ၀၉-၆၉၃၆၇၉၅၉၇**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၂၀

**ကွယ်လွန်သူဦးအောင်ရီ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးအောင်ရီ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်း နှင့် ဒေါ်ခင်မေ (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးကံငွေး) က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက် (၁၃၈၇ခုနှစ်၊ တပေါင်း လဆုတ်၊ ၁၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးအောင်ရီ၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင် မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၄ ရက်)၌ မိမိ တို့ ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင်ရုံးတော်က ဒေါ်ခင်မေ (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးကံငွေး၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင် ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ဦးအောင်သန်းဌေး ၅/ဆလက(နိုင်)၀၈၁၂၃၁ နှင့် ဒေါ်ဆုဆုထက် ၅/ကလဝ(နိုင်)၀၄၆၂၉၂ တို့သည် ၂၀၁၇ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှုမရှိကြတော့သဖြင့် ၁၆-၂-၂၀၂၆ ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲခဲ့ကြပြီး ဖြစ်ပါ သည်။ ထိုသို့နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးသည် စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝ တွင် မည်သို့မျှ ပတ်သက်ဆက်နွှယ်ကြခြင်း မရှိတော့ပါကြောင်း ဒေါ်ဆုဆုထက်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ဆုဆုထက် (ဘ) ဦးဝင်းထိန် ၅/ကလဝ(နိုင်)၀၄၆၂၉၂**
**(ဖုန်း - ၀၉-၄၅၁၇၄၂၅၆၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာန်ဦး(ဥပဒေဘွဲ့)၊**
**စဉ်- ၅၅၉၅၄**
**အထက်တန်းရှေ့နေ**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်သန်းမြင့်
### အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ(ဦးမောင်သန့်-ဒေါ်ဖွားစော)တို့၏ ချွေးမ၊ (ဦးကြူ၀-ဒေါ်ရီ)တို့၏ သမီး၊ ဗိုလ်ကြီးမောင်မောင်ကျော်(ငြိမ်း)(ကွယ်လွန်)၏ ဇနီး၊ ဦးလူမော် - ဒေါ်အေးရီ၊ ဦးလူဇော် - ဒေါ်ဆွေဆွေတင့်၊ ဦးလူဟန် -ဒေါ်ခင်ချို မြင့်၊ ဦးလူတင် - ဒေါ်မေစိုးသူ၊ ဦးအောင်မင်းနိုင် - ဒေါ်စန္ဒာကျော် (နေပြည်တော်၊ စည်ပင်)၊ ဦးသီဟကျော်သူ - ဒေါ်ဘောဘီသင်းတို့၏ မိခင်၊ မြေး(၁၃)ယောက်၊ မြစ်(၁) ယောက်တို့၏ အဘွား၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(၈၂၀) နေ ဒေါ်သန်းမြင့် အသက် (၉၀) နှစ်သည် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံတွင် ၁၈-၂-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) ည ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၉-၂-၂၀၂၆ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမြင့်
### အသက် (၉၀)နှစ်

ချစ်သူငယ်ချင်း ဦးလူတင် - ဒေါ်မေစိုးသူ တို့၏ ချစ်လှစွာသော မွေးသမိခင် ဘုရား၊ ရဟန်း ဒါယိကာမကြီး ဒေါ်သန်းမြင့် အသက် (၉၀) နှစ်သည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၆:၅၅ နာရီ၌ ၉၆ ပါး ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိ ရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရ ပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၆)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးသိန်းမြင့်(ခ)သိန်းမြင့်သိန်း(ပန်းချီ)
### အသက် (၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် -၈၂(က)နေ (ဦးအောင်ကြည်-ဒေါ်တင်)တို့၏သား၊ (ဦးဟိုရှိန်-ဒေါ်သန်းတင်)၊ (ဦးအုန်းညွန့်-ဒေါ်စောရှင်)၊ (ဦးသိန်းညွန့်-ဒေါ်အင်ကြူ)တို့၏ ညီ၊ ဦးစန်းမြင့်-ဒေါ်ဖြူဖြူစံ တို့၏အစ်ကို၊ ဒေါ်ရီရီလွင်၊ ဦးသန့်ဇော်၊ ဦးမြတ်ဇော်-ဒေါ်မြင့်မြင့်မော်တို့၏ဖခင်၊ မြေး (၃)ယောက် တို့၏အဘိုး၊ ဒေါ်မြမြ၏ခင်ပွန်းဖြစ်သူသည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၂၆ ရက်(တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ ကြောင်းနှင့် ကွယ်လွန်သူအားရည်စူးပြီး ၂၄-၂-၂၀၂၆ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှ ပေးဝေလိုပါသောကြောင့် အမှတ်-၈၂(က)၊ မေတ္တာလမ်း၊ သွပ်ဝိုင်းကြီး ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## သာသနာ့ ဒါယကာကြီး
## တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်
### (၁၉၅၅-၂၀၂၆)
### LL.B.,D.B.L.,D.M.L.,Advocate
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဒေါ်ညိုညိုအေး)၏ခင်ပွန်း၊ (ဦးစိုးနိုင်-ဒေါ်ခင်မာချို)တို့၏ညီ၊ ဦးနိုင်ဝင်း-ဒေါ်ခင်မြမြနိုင်(အင်းစိန် စာပုံနှိပ်တိုက်နှင့် မြစ တိုး)၊ ဦးအောင်နီဦး-ဒေါ်ခင်မြထွေးနိုင်(အင်းစိန် စာပုံနှိပ်တိုက်နှင့် မြယပ်တောင်၊ ရွှေပြည်သာ) တို့၏အစ်ကို၊ ကိုနရိန္ဒာ- ဒေါက်တာ သက်ရီဝင်း၊ ကိုသီဟဇော်-မမဠ္ဌရီ၊ ကိုဇီဝန-မနန်းဖြူစင်၊ ကိုနေအောင်ထွန်း-မသောမာ၊ ကိုချမ်းသာကျော်- မစန္ဒြီအေးနိုင်တို့၏ ဖခင်၊ မောင်မင်းဟိဏ်းခန့်၊ မောင်ဆောင်းငွေလရောင်၊ မောင်ရွှေဆည်း လည်းတို့၏ အဘိုးသည် ၁၈-၂-၂၀၂၆ ရက် ညနေ ၃:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအတိုင်း ၁၉-၂-၂၀၂၆ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်- (ငြိမ်းချမ်းအကွက်)၊ ဦးပိုင်အမှတ်(F-၁၂၈)၊ မြေအမျိုးအစား၊ မြို့မြေ၊ ပိုင်ဆိုင်ခွင့်(G)၊ ရွှေဝါထွန်းလမ်း၊ ဧရိယာ (၀.၀၄၁) ဧကရှိ၊ ဦးမှုံ၊ ဒေါ်သိန်းငွေ အမည်ပေါက် ဂရန်မြေကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးပပမှ တရားဝင်ဝယ်ယူပိုင်ဆိုင် အသုံးပြုလျက်ရှိပါသည်။ ရောင်းချသူများ မှ ရောင်းချသူများ၏တာဝန်ဖြစ်သော အဆိုပါမြေကွက်နှင့်ပတ်သက်သည့် မှတ်ပုံအရောင်းအဝယ်စာချုပ်ချုပ်ဆိုပေး ရန်နှင့် တစ်စုံတစ်ရာကန့်ကွက်လိုသူများရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်သည့် ရက်အတွင်း ကန့်ကွက်လိုသူများ မရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မျိုးပပ (ဘ)ဦးရင်မောင်** | **ဒေါ်နန့်ဝင်းလဲ့လဲ့ငွေး (စဉ်-၁၇၁၂၃)** |
| **၁၄/သပန(နိုင်)၁၀၂၁၁၂** | **တရားလွှတ်တော်ရှေ့နေ** |
| **ထန်းပင်ချောင်ရွာ၊ မကျီးကုန်းအုပ်စု** | **အမှတ် (၄၉)၊ ယိုးဒယားကုန်းလမ်း** |
| **သာပေါင်းမြို့နယ်။** | **ပုသိမ်မြို့၊ ဖုန်း-၀၉-၄၀၃၁၁၃၆၅၁၁** |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း)
### ကြည်း-၁၃၂၇၃၊ OTS (49)
### အသက်(၇၅)နှစ်

၁၉၈၆ ခုနှစ်၊ ဗိုလ်လောင်းဘဝ၏ လက်ဦးဆရာဖြစ်သူ ဗိုလ်မှူးချုပ် သူရစိန်သောင်း (ငြိမ်း) သည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည (၈:၀၈)နာရီတွင် ကွယ်လွန်သွားပါသဖြင့် တပည့်များအားလုံးက ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

(ဆရာ ကောင်းရာသုဂတိသို့ ရောက်ပါစေ။)

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)(သီဟတပ်ခွဲ)**
**တပည့်များနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် သူရစိန်သောင်း (ငြိမ်း)
### ကြည်း-၁၃၂၇၃၊ OTS-49
### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ခ ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်းနေ (ဒေါ်ခင်ငွေးမြင့်) ၏ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးချုပ် သူရစိန်သောင်း (ငြိမ်း)၊ ကြည်း-၁၃၂၇၃၊ OTS-49 အသက် (၇၅) နှစ်သည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၀၈ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးနန္ဒ(စက်ရုံမှူး)-ဒေါက်တာ ဇင်မာယဉ်**
**ဆေးဝါးစက်ရုံ(အင်းစိန်)**

## ဒေါက်တာ ဒေါ်ခင်ဆွေအေး
### ဆေးရုံအုပ်ကြီး(ငြိမ်း)၊ မြန်မာ့ရေနံဆေးရုံ(ချောက်မြို့)
### ဒေါ်သာထက်(အထက-၂၊ လှိုင်)ကျောင်းသူဟောင်း
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ မဟာဆွေ ကွန်ဒို၊ တိုက်(၃)၊ တတိယထပ်၊ အခန်း(၃၁၂)နေ (ဦးထွန်းလှိုင်-ဒေါ်ခင်လှ) တို့၏သမီး၊ ဦးခင်မောင်အေး(တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်)-ဒေါ်တင် တင်နွယ်( အထက-၂၊ လှိုင်)တို့၏ညီမ၊ ဒေါ်ဖြူဖြူလှိုင်(မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း)၊ (ဦးခင်မောင်ထွန်း)တို့၏အစ်မ၊ ဒေါက်တာ မျိုးသက်ထွန်း၊ ဒေါက်တာဇေယျာဖြိုးတို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားလေး ဒေါက်တာ ဒေါ်ခင်ဆွေအေးသည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၆ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် နေအိမ် ၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ကြောင်း ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ (၀ဒသမ၁၄၆) ဧက၊ မြေကွက်အမှတ် (ဥ-၆၅၀၈)၊ ဒေါ်အေးသန္တာ ၉/တသန(နိုင်) ၁၂၉၂၃၄ (ဘ)ဦးမောင်နီ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်အေးသန္တာ ၉/တသန(နိုင်) ၁၂၉၂၃၄ (ဘ)ဦးမောင်နီ မှ ဒေါ်ဟန်အိစိုး ၉/ပဥလ(နိုင်)၀၄၁၄၀၃(ဘ)ဦးဟန်ဝင်းအောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးစံပြကျေးရွာ၊ စာတိုက် ပိုင်း ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၃၇)ပေ x မျက်နှာစာ အနံ(၃၂) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိရေ၊ မီးအပါအဝင် နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်သန်း (၁၂/ဒလန (နိုင်) ၀၅၂၀၈၂)မှ ဝယ်ယူ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇံ (၁၃/သနန(နိုင်)၀၂၇၈၅၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာ စာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ် ကိစ္စကို ပြီးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ -** |
| **ဦးကျော်ဇံ** | **ဒေါ်ကေခိုင်ဝင့်(ခ)ဒေါ်အာကာဝင့် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၈၈/၁၁-၇-၂၀၁၉** |
| | **အမှတ်(၆)၊ကမ်းနားလမ်း၊တောင်လုံးပြန်ရပ်ကွက်၊** |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၇၇၉၉၃၃၆၀၈** |

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း)၊
### ကြည်း-၁၃၂၇၃၊ OTS 49
### အသက် (၇၅)နှစ်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဒေးဗရိန်းကျေးရွာနေ (ဦးဘိုးပိန်-ဒေါ်ရင်ကြွေ)တို့၏သားကြီး၊ ဒေါ်အေးမိစံ၊ ဦးဝင်းမောင်-ဒေါ်ထားရီ တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂(ခ) ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်းနေ (ဒေါ်ခင်ငွေးမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ချယ်ရီစိန်သောင်း၊ ရဲမှူးကြီးထိန်ဝင်း-ဒေါ်ငုဝါစိန်သောင်း၊ ဗိုလ်ကြီးဖြိုးသီဟ-ဒေါ်အိသန္တာထက်၊ ဦးထူးဝဏ္ဏစိန်သောင်း တို့၏ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မောင်ဘုန်းသော်ခန့်၊ မသက်ညွှန်းခင်၊ မောင်ကောင်းမြတ်သီဟ တို့၏အဘိုးသည် ၁၈-၂-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ည (၈:၀၈) နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂-၂-၂၀၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် (၉:၃၀)နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း) OTS (49)
## အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တိုက်ချွန်းလမ်းနေ (ဒေါ်ခင်ငွေး မြင့်) ၏ခင်ပွန်း၊ ဆရာ သူရဦးစိန်သောင်း သည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည (၈:၀၈) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၈)မှ တပည့်များ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးရဲထွန်း
### အသက်(၇၄)နှစ်

(ဦးသန်းဆောင်-ဒေါ်ခင်မြ)တို့၏သားကြီး၊ ဦးအေးလွင်ဦး၊ ဦးအောင်ဇော်လတ်၊ ဦးဇင်ကျော် ကိုကို-ဒေါ်လဝန်းစန္ဒီ တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၄)ယောက်တို့၏အဘိုး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ခရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၃၆၇)နေ ဒေါ်ကြည် ကြည်မြ ၏ချစ်လှစွာသောခင်ပွန်းဖြစ်သူသည် ၁၈-၂-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄:၀၅) နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၂၆ ရက် (သောကြာနေ့) ညနေ(၅:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ (၄:၀၀) နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၆ ရက်(အင်္ဂါနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထု ပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် မင်္ဂလာဒုံ မြို့နယ်၊ ၂/ခရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၃၆၇) နေအိမ်သို့ “ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (ဇ-၆၀၃၉)၊ ဧရိယာ (၀.၁၂၃) ဧကရှိ ဦးသန်းဦး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စား လှယ်လွှဲစာရရှိသူ ဒေါ်ဝါဝါရှိန် (ဘ)ဦးထွန်းရှိန် ၁၃/ကတန(နိုင်)၀၈၁၂၆၂ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၅၄/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ရည်မွန်ဆွေ (ဘ)ဦးသန်းဆွေ ၈/ပခက(နိုင်)၁၆၅၉၁၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၄၈၉၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းခိုင် ၁၀/ကမရ(နိုင်)၀၂၆၃၃၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၂၀၃၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သီဟ ဦး ၇/ပခန(နိုင်)၃၁၆၁၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၂၄၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်း ၁၀/ခဆန(နိုင်)၁၂၉၅၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

❖ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်...

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသားဆရာ၊ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီးကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## ယနေ့ သတင်းအညွှန်း

**(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**

ပြည်တွင်းသတင်း စာ ၁၃



**ကမ္ဘောဒီးယားနိုင်ငံက အဝတ်အထည်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်ရရှိ**

နိုင်ငံတကာသတင်း စာ ၁၄

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁-၂-၂၀၂၆ ရက်နေ့မှ ၁၅-၂-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

ထုတ်ပြန်ချက် စာ ၁၅



ဝုဖ်ကစားသမား ဟူဂိုဘူနို အာဆင်နယ်အသင်းဘက်သို့ ချေပဂိုးသွင်းယူစဉ်။


# အာဆင်နယ်က အမှတ်ပေးဇယားအောက်ဆုံးမှ ဝုဖ်ကို သရေကျခဲ့သောကြောင့် ရမှတ်ပြတ်ဦးဆောင်နိုင်မည့် အခွင့်အရေး လွဲချော်

ပရီမီယာလိဂ်ပွဲစဉ်ပွဲစဉ်(၃၁)အဖြစ် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၂ နာရီခွဲက Molineux Stadium ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးဇယားအောက်ဆုံးမှ ဝုဖ်နှင့် အမှတ်ပေးဇယားထိပ်ဆုံးမှ အာဆင်နယ်အသင်းပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် အမှတ်ပေးဇယားကို ရမှတ်ပြတ် ဦးဆောင်နိုင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့သည်။

အာဆင်နယ်အသင်းသည် ပွဲအစ ငါးမိနစ်တွင်ရရှိခဲ့သော ဆာကာ၏ သွင်းဂိုးဖြင့် ဝုဖ်အသင်းကို ဦးဆောင်နိုင်ခဲ့သလို ဒုတိယပိုင်းတွင်လည်း ဟင်ကာပီယေ၏ သွင်းဂိုးဖြင့် နှစ်ဂိုးပြတ် ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်းသည်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑

## ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## တရားမဝင် မီးသွေးများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် လိုင်စင်မဲ့ငါးဖမ်းရေယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ၇ ရက်တို့တွင် ကော့သောင်းမြို့နယ် ဇီဝစိုးကျွန်းအနီး၌ တရားဝင်ငါးဖမ်းခွင့်လိုင်စင်မရှိသည့် ငါးဖမ်းရေယာဉ်သုံးစင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်း ဥပဒေအရလည်းကောင်း၊

*စာမျက်နှာ ၁၃ ကော်လံ ၁* ✪